မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(၁၄၆ပဒ-၈၆)

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၀၇၇)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု (၇၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

စစ်သည်တော်တိုင်း တာဝန်ကျရာ နယ်ပယ်အလိုက် ကျွမ်းကျင်မှုရှိနေမှသာ တိုက်စွမ်းအားများကို အကျိုးအရှိဆုံး အသုံးချနိုင်မည်

နေပြည်တော် ဒီဇင်ဘာ ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင် အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညီစော နှင့်ဇနီး၊ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင် အဖွဲ့ဝင် ညွှန်ကြားကွပ်ကဲရေးမှူး (ကြည်းရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ အငြိမ်းစား ကာကွယ်ရေးဦးစီးချုပ် (လေ)များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လေတပ်(လေ)မှ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ၏

ယနေ့ ဖတ်စရာ

နွားထိုးကြိုးမြို့နယ်၌ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိ

ပြည်တွင်းသတင်း | စာ - ၁၃

စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ခွဲခွဲ တိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

ပြည်တွင်းသတင်း | စာ - ၁၅

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုဈေးမီးချမီးရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင် ဆောင်ရွက်ရေး။

၁၅ - ၁၂ - ၂၀၂၅ ရက်နေ့ ဈေးကွက်ငွေလဲနှုန်း (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၅၃၅၅ ဂရမ်) ၏ဈေးနှုန်းမှာ ၅၉၉၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတိမှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆ - ၁၂ - ၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီရောင်းနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၄၉၀	၂၆၀၅	၂၄၇၀	၂၄၀၅	၂၆၁၀	၂၆၂၅	၂၆၄၅	၂၄၆၀	၄၅၀၅	၂၅၅၀	၂၄၀၀	၂၇၉၀	၂၆၅၀	၂၆၁၅	၂၆၃၅	၂၆၉၀
95 Ron	၂၄၄၀	၂၆၅၅	၂၆၂၀	၂၄၅၅	၂၆၆၀	၂၆၇၅	၂၆၉၅	၂၆၁၅	၄၅၆၀	၂၄၄၅	၂၆၃၀	၂၈၃၅	၂၇၀၀	၂၆၆၅	၂၆၉၀	၂၄၄၅
HSD (500 ppm)	၂၂၄၅	၂၃၆၀	၂၃၂၅	၂၂၆၀	၂၃၆၅	၂၃၀၀	၂၃၀၀	၂၃၀၅	-	၂၆၁၀	၂၃၃၅	၂၄၅၅	၂၃၀၅	၂၃၇၀	၂၃၉၀	၂၆၀၀
HSD (50 ppm)	၂၆၅၅	၂၈၀၀	၂၇၆၅	၂၇၀၀	၂၈၀၅	၂၈၂၀	၂၈၃၅	၂၇၇၅	၄၉၃၀	၃၀၅၀	၂၇၇၅	၂၉၂၅	၂၈၄၅	၂၈၀၀	၂၈၃၀	၃၀၉၀
HSD (10 ppm)	၂၆၅၅	၂၈၀၀	၂၇၆၅	၂၇၀၀	၂၈၀၅	၂၈၂၀	၂၈၃၅	၂၇၇၅	-	၃၀၅၀	၂၇၇၅	၂၉၂၅	၂၈၄၅	၂၈၀၀	၂၈၃၀	၃၀၉၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၃၃၅	၂၄၁၅
95 Ron	၂၃၈၄	၂၄၆၅
HSD (500 ppm)	၂၀၉၈	၂၁၇၀
HSD (50 ppm)	၂၅၂၂	၂၆၀၂
HSD (10 ppm)	၂၅၂၂	၂၆၀၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၂၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ရေဆုံးရေဖျား နှိမ်နင်းချေမှုန်းသွားမည့် ကြီးလေးသည့်ရာဇဝတ်မှုများ

အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများသည် မြန်မာနိုင်ငံက စတင်ပေါ်ပေါက်လာခြင်းမဟုတ်။ မြန်မာနိုင်ငံအစိုးရက ခွင့်ပြုထားခြင်း၊ လက်ခံထားခြင်းမရှိသည့်တိုင် အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများမှာ မြန်မာနိုင်ငံနယ်စပ်ဒေသရှိ သောင်းကျန်းသူအဖွဲ့ အစည်းများ ကြီးစိုးသည့်နယ်မြေများတွင် အခြေချကာ ၎င်းအဖွဲ့ အစည်းများ၏ အကာအကွယ်ပေးမှုဖြင့် အကျိုးတူဆောင်ရွက်နေ ကြခြင်းဖြစ်သည်။

အင်တာနက်နည်းပညာကိုအသုံးပြု၍ ကမ္ဘာတစ်ခွင်ပတ်၍ လိမ်လည်နေသည့်အဆိုပါလုပ်ငန်းများကို တည်ထောင်လုပ်ကိုင်ရေး၊ နောက်ကွယ်မှကြိုးကိုင်သူများမှာ မြန်မာများမဟုတ်ကြသည့်အပြင် လိမ်လည်လောင်းကစားလုပ်ငန်းများ၏ အကျိုးအမြတ်ကိုရရှိခံစား ကြသူများမှာလည်း မြန်မာများမဟုတ်ကြ။ ယင်းလုပ်ငန်းများအတွက် မြေငှားသူ၊ လုံခြုံရေးဝန်ဆောင်မှုပေးသူတို့ လောဘတက်လောက် စရာ ငွေကြေးပမာဏတို့ ရရှိကြမည်ဖြစ်သည်။ ၂၀၂၁ ခုနှစ်နောက်ပိုင်း ဖြစ်ပေါ်လာသည့် နိုင်ငံရေးတည်ငြိမ်မှုနှင့် ပြည်တွင်းလုံခြုံရေး ပိုမိုယွင်းလာမှုအခြေအနေများက အွန်လိုင်းလိမ်လည်ရာဇဝတ်ဂိုဏ်း များအတွက် အခွင့်အလမ်းကောင်းများ ရရှိခဲ့ပြီး ခေတ်ကောင်း တစ်ခေတ် ဖြစ်ခဲ့သည်။

နယ်စပ်မျဉ်းနှင့်ကပ်လျက် မိမိနိုင်ငံဘက်အခြမ်း တရားဥပဒေ စိုးမိုးမှုနှင့်အလွန်မံးဝေးသည့်နေရာများတွင် သစ်လွင်လှပသည့် ခေတ်မီအဆောက်အအုံများနှင့် ညာဘက်တွင် ရောင်စုံမီးများ ထိန်ထိန် ညီးအောင် ထွန်းလင်းနေသည့် အွန်လိုင်းရာဇဝတ်လုပ်ငန်း မြို့ငယ် များမှာ နိုင်ငံတကာမှ လာရောက်အလုပ်လုပ်ကိုင်သူများ သောင်းနှင့်ချီ၍ လှုပ်ရှားနေခဲ့ကြသည်။ ၎င်းတို့အဖို့ ခေတ်ကောင်းချိန်တွင် တစ်ချိန်လုံးသာယာနေခဲ့ကြသော်လည်း နိုင်ငံကြီးအချို့အပါအဝင် နိုင်ငံတကာက အာရုံစိုက်လာချိန်တွင် ယင်းလုပ်ငန်းများသည် ၎င်း တို့နှင့်မဆိုင်သယောင် လိမ်ညာဝါးဒြန့်မှုများ ပြုလုပ်ခဲ့ကြသည်။

မြန်မာနိုင်ငံနှင့်ပတ်သက်လျှင် အမှန်အတိုင်းရှုမြင်နိုင်ခြင်းမရှိ သည့် ပြည်ပမီဒီယာများ၊ ပြည်ပြေးပြည်ဖျက်မီဒီယာများကလည်း နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် ထင်ယောင်ထင်မှားဖြစ်စေ ရန် ရေးသားထုတ်လွှင့်မှုများ ပြုလုပ်ခဲ့ကြသည်။ မြန်မာနိုင်ငံအစိုးရ သည် အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများနှင့် ပတ်သက် မှုရှိနေ၍ ၎င်းနေရာများကို အမှန်တကယ် အရေးယူဖျက်ဆီးမည် မဟုတ်သည့် သတင်းမျိုးကို အစောပိုင်းက ထုတ်လွှင့်မှုများရှိခဲ့ပြီး မြန်မာ့တပ်မတော်က အွန်လိုင်းလိမ်လည်လောင်းကစားနေရာများ ကို ပြတ်ပြတ်သားသား တိုက်ဖျက်ချေမှုန်းသည့်အခါတွင်မူ သက်သေများ ဖျောက်ဖျက်ပစ်နေခြင်းဖြစ်သည်ဆိုသည့် အရေး အပြောမျိုး ပြောင်းလဲထုတ်လွှင့်လာသည်။ တပ်မတော်မဟုတ်လျှင် တပ်မတော်လက်အောက်ခံ BGF ဟူ၍လည်း မရမက ဆက်စပ် ပြောကြသည်။ အကယ်စင်စစ်အားဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းနှင့်ပတ်သက်လိုသည့်အဖွဲ့က BGF မှ KNA ဟူ၍ အရောင်ပြောင်းစဉ်ကမူ ၎င်းပြည်ဖျက်မီဒီယာများကပင် အားပါးတရ ထုတ်လွှင့်ခဲ့ကြခြင်း ဖြစ်သည်။

ယခုအခါ ကရင်ပြည်နယ်၊ မြဝတီမြို့အနီးရှိ ရွှေကုက္ကိုလ် KK Park နှင့် ကျောက်ခက်ဒေသတို့တွင် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက် နှိမ်နင်းရေးကို နိုင်ငံတော်အစိုးရက ပြတ်ပြတ်သားသား ဆောင်ရွက် လျက်ရှိပြီး ၎င်းလုပ်ငန်းများ ပြန်လည်ဝင်ရောက်ခြေချမလာစေရေး အတွက် အဆောက်အအုံများကို ဖြိုချဖျက်ဆီးလျက်ရှိသည်။ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများကို တပ်မတော်က မြေလှန်၍ အမြစ်ဖြတ် ဖျက်ဆီးရှင်းလင်းလျက်ရှိရာ KNLA နှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့ကလည်း မြဝတီနှင့် လေးကျော့ကော် တစ်ဝိုက်တွင် တိုက်ပွဲများဖော်၍ နောင့်ယှက်နေကြသည်။

နိုင်ငံတော်အစိုးရသည် အွန်လိုင်းလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) များကို "လူအများစုအပေါ် ကျူးလွန်သည့် ကြီးလေးသည့် ရာဇဝတ်မှုများ" ဖြစ်သည်ဟု သတ်မှတ်ထားသည်။အဆိုပါရာဇဝတ်မှုများကို ရေဆုံး ရေဖျား လိုက်လံနှိမ်နင်းချေမှုန်းမည်ဖြစ်သည်။ယင်းသို့ နှိမ်နင်းရာ တွင် နည်းလမ်းအနေဖြင့် ပြင်းပြင်းထန်ထန် နှိမ်နင်းမည့်မူဝါဒ (Aggressive Crackdowns Method)ကို ကျင့်သုံးသွားမည်ဖြစ်သည်။

ပြည်သူလူထုအနေဖြင့် အွန်လိုင်းလိမ်လည်မှု၏ သားကောင် မဖြစ်စေရန် ဖုန်းထဲသို့ရောက်လာသည့် မိမိမသိသော Link များကို မဖွင့်ရန်၊ မိမိမသိသည့် Message များကိုမကြည့်ရန်၊ အွန်လိုင်း လိမ်လည်မှုခံရပါက သက်ဆိုင်ရာသို့ သတင်းပို့တိုင်ကြားရန်၊ အစိုးရ တာဝန်ရှိသူများနှင့် မပျက်မကွက်ပူးပေါင်းဆောင်ရွက်ရန် နှိုးဆော် တိုက်တွန်းအပ်ပါကြောင်း။ ။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန်ဦးနေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေယူနယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွန်မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေးခရီး ၀၁-၅၄၄၃၁၆၊ ကြေငြာခြေ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၆၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE
www.mdn.gov.mm

ရွှေကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွှေကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွှေကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွှေကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

✪ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်(လေ)၏ သမိုင်းကို ပြန်ကြည့်မည်ဆိုပါက ဒုတိယကမ္ဘာစစ်ကာလအတွင်း ဗမာ့အပျော်တမ်း လေတပ်ဖွဲ့(BVAU)နှင့် ဗမာ့အပျော်တမ်း လေတပ်(BVAF)တို့အဖြစ် အဆင့်ဆင့်ဖွဲ့စည်း တည်ထောင်ခဲ့ခြင်းဖြင့် အစတည်ခဲ့ကြောင်း၊ ဒုတိယကမ္ဘာစစ်အပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် တပ်မတော်(လေ) အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြင့် တပ်မတော်(လေ)အဖြစ် စတင်ပေါ်ထွန်းရပ်တည်နိုင်ခဲ့သည်မှာ ယနေ့ဆိုပါက (၇၈)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း။

ဂုဏ်ယူဖွယ်တွေ့ရှိရ

တပ်မတော်(လေ) စတင်ဖွဲ့စည်းတည်ထောင်ပြီးချိန်နှင့် မရေးမနောင်း၌ပင် ပြည်တွင်းရောဝင်စုံသုပုန်များ၏ လက်နက်ကိုင်ဆူပူသောင်းကျန်းမှုများ နိုင်ငံအနှံ့ပေါ်ပေါက်လာခဲ့ကြောင်း၊ နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို စောင့်ရှောက်ကာကွယ်ထိန်းသိမ်းနိုင်ရန် တပ်မတော်(လေ)သည် စီမံခန့်ခွဲမှု၊ ဖွဲ့စည်းလေ့ကျင့်မှုနှင့် လက်နက်တပ်ဆင်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်နေချိန်၌ပင် တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)တို့နှင့်အတူ သောင်းကျန်းမှု နှိမ်နင်းချေမှုန်းရေးအတွက် စစ်ဆင်ပုံသန်းမှုများ ပြုလုပ်ခဲ့ရကြောင်း၊ မျိုးချစ်စိတ်၊ ဇွဲသတ္တိနှင့် တိကျွတ်ကြဲဆလိုစိတ်တို့ကို အရင်းခံပြီး ရှိသည့်လေယာဉ်၊ ရှိသည့်လက်နက်ကို အကောင်းဆုံးအသုံးချပြီး ရည်မှန်းချက် အောင်မြင်အောင် ကြိုးပမ်းတိုက်ပွဲဝင်ခဲ့သည်ကို ဂုဏ်ယူဖွယ်တွေ့ရှိရကြောင်း၊ တပ်မတော်(လေ)သည် ယနေ့အချိန်အထိ ပြည်ပကျူးကျော်မှု တွန်းလှန်ချေမှုန်းရေးနှင့် ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေး စစ်ဆင်မှု အမျိုးမျိုးသာမက မူးယစ်ဆေးပါးတိုက်ဖျက်နှိမ်နင်းမှု စစ်ဆင်ရေးများတွင်လည်း ပါဝင်တိုက်ပွဲဝင် ဆင်နွှဲခဲ့ရာ တပ်မတော်(လေ) စစ်သည်တော်များ၏ အသက်သွေးချွေးများစွာ ရင်းနှီးစတေးပြီး သူရဲကောင်းပီသစွာ ရဲရဲရင့်ရင့် တိုက်ပွဲဝင်ခဲ့သောကြောင့် တိုက်ပွဲအဆုံးအဖြတ် အပေါ် များစွာအထောက်အကူပြုနိုင်ခဲ့ကြောင်း။

အထူးလိုအပ်

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို အကာအကွယ်ပေးရေးနှင့် အမျိုးသားအကျိုးစီးပွားကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးတို့အတွက် တည်ဆောက်ကြိုးပမ်းရာတွင် ခိုင်မာတောင့်တင်းသည့် ကာကွယ်ရေးစွမ်းအားစုတစ်ရပ် ပိုင်ဆိုင်ထားရန် မဖြစ်မနေလိုအပ်သည်မှာ အထင်အရှားပင်ဖြစ်ကြောင်း၊ တပ်မတော်သည် လွတ်လပ်ရေးနှင့်အတူ ပြည်သူကြားက ပေါက်ဖွားလာသည့် မျိုးချစ်ပြည်သူ့တပ်မတော်ဖြစ်ပြီး တိုင်းရင်းသားပေါင်းစုံပါဝင်သည့် ပြည်ထောင်စု တပ်မတော်လည်းဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် နိုင်ငံတော်အပေါ် ကျရောက်လာသည့် ပြည်တွင်းပြည်ပအန္တရာယ် အမျိုးမျိုးကို ပြည်သူများနှင့်လက်တွဲပြီး အသက်သွေးချွေးများစွာ ပေးဆပ်ကာကွယ်စောင့်ရှောက်ခဲ့သည်မှာ အားလုံး အသိပင်ဖြစ်ကြောင်း၊ အရေးကြုံလာတိုင်း ပြည်သူ့ရှေ့က မားမားမတ်မတ် ရပ်တည်ပေးခဲ့သည်မှာ တပ်မတော်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု (၇၈)နှစ်မြောက်နှစ်ပတ်လည်နေ့ အမှတ်တရလက်ဆောင် ဂါရဝပြုပေးအပ်စဉ်။

ထိုကြောင့် အစဉ်ပြောင်းလဲဖြစ်ပေါ်တိုးတက်နေသည့် ခြိမ်းခြောက်စိန်ခေါ်မှု အမျိုးမျိုးကို အပြည့်အဝရင်ဆိုင်တုံ့ပြန်နိုင်အောင် တပ်မတော် (ကြည်း/ ရေ/ လေ) ဟူသည့် ကာကွယ်ရေး စွမ်းအားစုကြီးကို ခိုင်မာတောင့်တင်းပြီး စွမ်းရည်မြင့်မားထက်မြက်စွာ တည်ဆောက်ထားရန်အထူး လိုအပ်ကြောင်း၊ သို့မှသာ အမိနိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုကို အာမခံချက် အပြည့်အဝ ဖြင့် ကာကွယ်စောင့်ရှောက်ပေးနိုင်မည် ဖြစ်ကြောင်း။

ဖြန့်ကြက်ထားနိုင်ပြီ

တပ်မတော်(လေ)ကိုလည်း ခေတ်အဆက်ဆက် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအပေါ် သင်ခန်းစာဖော်ထုတ်ကာ ခေတ်မီပြီး စွမ်းရည်ထက်မြက် အင်အားတောင့်တင်းခိုင်မာသည့် လေတပ်တစ်ခုအဖြစ် အဆင့်ဆင့်တည်ဆောက်ပေးလျက်ရှိကြောင်း၊ စစ်တပ်ဖွဲ့စည်းတည်ထောင်ရာတွင် ကုန်းတပ်၊ ရေတပ်နှင့် လေတပ်ဟူသည့် ဝန်ဆောင်မှုသုံးခုလုံးကို အလေးပေးထားရာ ခေတ်အဆက်ဆက် နိုင်ငံတော်၏ ကာကွယ်ရေးဗျူဟာမြောက် လေတပ်အဆင့်မှ နည်းဗျူဟာမြောက် လေတပ်တစ်ခုအဖြစ် တိုးတက်တည်ဆောက်နိုင်ခဲ့ကြောင်း၊ လက်ရှိဆင့်နွှဲနေသည့် အကြမ်းဖက်မှု တိုက်ဖျက်ရေး စစ်ဆင်မှုများတွင် တပ်မတော်(လေ) အနေဖြင့် နိုင်ငံအနှံ့ ပျံသန်းစစ်ဆင်မှုများ ထိထိရောက်ရောက် ဆောင်ရွက်ကာ အထောက်အကူပြုနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

စနစ်တကျကိုင်တွယ်

ထိရောက် အစွမ်းထက်မြက်သည့် လေကြောင်းစွမ်းအားကို ပိုင်ဆိုင်အသုံးချနိုင်ရေး လေတပ်၏ တိုက်စွမ်းရည် နှစ်မျိုးလုံး မြင့်မားပြည့်စုံအောင် တည်ဆောက်ထားရန် အထူးလိုအပ်ကြောင်း၊ တိုက်စွမ်းအား တိုးတက်ကောင်းမွန်စေရေးအတွက် နိုင်ငံတော်အနေဖြင့် လေယာဉ်ရဟတ်ယာဉ်နှင့် စစ်ဆင်ရေး အထောက်အကူစနစ်များကို အခါအားလျော်စွာ ကြိုးပမ်းဖြည့်တင်းပေးနေကြောင်း၊ ယင်းစနစ်များ အမြတ်မကောင်းမွန်ပြီး စွမ်းအားပြည့်တိုက်ပွဲဝင်နိုင်မှသာ တိုက်စွမ်းအားရရှိမည် ဖြစ်သည့်အတွက် တပ်မတော်(လေ)စစ်သည်တော်များအနေဖြင့် အမြတ်တနိုးတန်ဖိုးထားကာ စနစ်တကျ ကိုင်တွယ်အသုံးပြုကြရန်၊ ပြုပြင်ထိန်းသိမ်းကြရန် အလေးအနက် တိုက်တွန်းလိုကြောင်း။

တက်ညီလက်ညီကြိုးပမ်း

တစ်ဖက်ကလည်း တိုက်စွမ်းရည် မြင့်မားကောင်းမွန်အောင် အစဉ်ကြိုးပမ်းနေရမည်ဖြစ်ကြောင်း၊ စစ်သည်တော်တိုင်းသည် မိမိတို့တာဝန်ကျရာ နယ်ပယ်အလိုက် ကျွမ်းကျင်မှုရှိနေမှသာ ဖြည့်ဆည်းပေးထားသည့် တိုက်စွမ်းအားများကို အကျိုးအရှိဆုံး အသုံးချနိုင်မည်ဖြစ်ကြောင်း၊ စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ရာတွင် ကျန်းမာကြံ့ခိုင်မှုနှင့် ရဲစွမ်းသတ္တိရှိမှုတို့သည်လည်း မရှိမဖြစ်လိုအပ်သည့်အတွက် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ရေး၊ ယုံကြည်ချက်ခံယူချက် မြင့်မားကောင်းမွန်ရေးကို ခေါင်းဆောင်အဆင့်ဆင့်က အထူးအလေးထား လေ့ကျင့်တည်ဆောက်ကြရမည် ဖြစ်ကြောင်း၊ ပျံသန်းရေး၊ *စာမျက်နှာ ၄ သို့*

- **တပ်မတော်(လေ)ကို ခေတ်အဆက်ဆက် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအပေါ် သင်ခန်းစာဖော်ထုတ်ကာ ခေတ်မီပြီး စွမ်းရည်ထက်မြက် အင်အားတောင့်တင်းခိုင်မာသည့် လေတပ်တစ်ခုအဖြစ် အဆင့်ဆင့်တည်ဆောက်ပေးလျက်ရှိ**
- **ထိရောက်အစွမ်းထက်မြက်သည့် လေကြောင်းစွမ်းအားကို ပိုင်ဆိုင်အသုံးချနိုင်ရေး လေတပ်၏ တိုက်စွမ်းအားနှင့် တိုက်စွမ်းရည် နှစ်မျိုးလုံး မြင့်မားပြည့်စုံအောင် တည်ဆောက်ထားရန် အထူးလိုအပ်**
- **လေတပ်တစ်ခု စွမ်းရည်မြင့်မားကောင်းမွန်နေရေးသည် ပညာရပ်နယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသည့် စစ်သည်တော်များအားလုံးအပေါ် တည်မှီနေ**

စာမျက်နှာ ၃ မှ

အုပ်ချုပ်ရေးနှင့် စက်မှုလက်မှုကဏ္ဍကြီး သုံးရပ်လုံးရှိ စစ်မှုထမ်းအားလုံး တက်ညီလက်ညီ ကြိုးပမ်းလုပ်ဆောင်ကြမှသာ တပ်မတော်(လေ)အနေဖြင့် တိုက်စွမ်းရည် တိုက်စွမ်းအား ပြည့်ဝကောင်းမွန်ပြီး "တောင်ပံဖြန့်ချီ အောင်ပွဲဆီသို့" ဟူသည့် အတိုင်း အောင်မြင်မှုများ ရရှိမှာဖြစ်ကြောင်းကို သတိပေးပြောကြား လိုကြောင်း။

ကျွမ်းကျင်ပိုင်နိုင်ရန်လိုအပ်

လေတပ်တစ်ခု စွမ်းရည်မြင့်မားကောင်းမွန်နေရေးသည် ပညာရပ် နယ်ပယ်အသီးသီးတွင်တာဝန်ထမ်းဆောင်နေသည့် စစ်သည်တော်များအားလုံး အပေါ် တည်မှီနေကြောင်း၊ ပျံသန်းရေး ကဏ္ဍတွင် လေသူရဲများ ကျွမ်းကျင် ထက်မြက်နေရုံဖြင့်မပြီးဘဲ လေယာဉ် သားများ၊ ပျံသန်းမှုအင်ဂျင်နီယာများ၊ လေယာဉ်အမှုထမ်းများအားလုံး မိမိ လုပ်ငန်းတာဝန်ကို ကျွမ်းကျင်ပိုင်နိုင်ရန် လိုအပ်ကြောင်း၊ ထို့အပြင် လိုက်လျောညီထွေစွာဖြင့် အားလုံးက ပူးပေါင်း ဆောင်ရွက်ကြမှသာ ပျံသန်းရေးတာဝန်များ အောင်မြင်မည်ဖြစ်ကြောင်း၊ စက်မှုလက်မှုနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင်လည်း ကဏ္ဍအလိုက် တက်ညီလက်ညီ ပူးပေါင်းလုပ်ဆောင်ရမည့်အပြင် ကဏ္ဍတစ်ခုနှင့်တစ်ခု ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြမှသာ တပ်မတော်(လေ)၏ လုပ်ငန်းတာဝန်များ အောင်မြင်ပြီးမြောက် မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်တွင်း စည်းလုံးညီညွတ်မှု ခိုင်မာအောင် တည်ဆောက်ပြီး အဆင့်ဆင့်ခေါင်းဆောင်များ၏ မှန်ကန်သည့် ခေါင်းဆောင်မှုနှင့် ညီညီညွတ်ညွတ် ပေါင်းစပ်ညှိနှိုင်းလုပ်ကိုင် သွားကြရန် အလေးထား တိုက်တွန်း မှာကြားလိုကြောင်း။

ကောင်းမွေများချန်ထား

တပ်မတော်(လေ)စတင်တည်ထောင် ခဲ့ချိန်ကစပြီး ယနေ့အထိ ရရှိခဲ့သည့် အောင်မြင်တိုးတက်မှုများနှင့် ရလဒ် ကောင်းများသည် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာရှိ စစ်သည် အားလုံး၏ ရဲစွမ်းသတ္တိပြည့်ဝမှု၊ ကိုယ်ကျိုးစွန့်၊ အနစ်နာခံမှု၊ တာဝန် ကျေပွန်မှုများကြောင့်ဖြစ်သည်ကို ဂုဏ်ပြု ပြောကြားလိုကြောင်း၊ လက်ရှိတာဝန် ထမ်းဆောင်နေကြသည့် စစ်မှုထမ်းများ အနေဖြင့် ၎င်းတို့ကို အတုယူ စံနမူနာ ထားပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန် များကို ကျေပွန်အောင် ထမ်းဆောင် ကြရမည့်အပြင် နောင်မျိုးဆက်သစ်များ အတွက်ပါ ကောင်းမွေများ ချန်ထားပေး နိုင်ရေး၊ တပ်မတော်(လေ)၏ စွမ်းဆောင် ရည် အစဉ်တိုးတက်မြင့်မားနေရေး ပိုင်းဝန်းကြိုးပမ်း လုပ်ဆောင်ကြရမည် ဖြစ်ကြောင်း။

ကြိုးစားထမ်းဆောင်

လေတပ်စစ်သည်တော်များအနေဖြင့် တပ်မတော်(လေ)၏ မွန်မြတ်သည့် အစဉ် အလာကောင်းများကို ထိန်းသိမ်းစောင့် ရှောက် လက်ဆင့်ကမ်းပေးကြပြီး မိမိတို့ သက်ဆိုင်ရာ ကျွမ်းကျင်မှုကဏ္ဍများ အလိုက် ရည်မှန်းချက်တာဝန်များကို အကောင်းဆုံး အကျေပွန်ဆုံး ကြိုးစား ထမ်းဆောင်သွားကြရန် တိုက်တွန်း မှာကြားရင်း ယနေ့ (၇၈) နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့မှ သည် နောင်လာမည့် နှစ်ပတ်လည်နေ့ များစွာတိုင် တိုက်စွမ်းရည် တိုက်စွမ်းအား မြင့်မားကောင်းမွန်ပြီး နိုင်ငံတော်အတွက် အားထားရသည့် တပ်မတော်(လေ)အဖြစ် အစဉ်ရပ်တည်နိုင်ပါစေရန် ဆုမွန်ကောင်း တောင်းလိုက်ကြောင်း ပြောကြားသည်။

ဂါရဝပြုပေးအပ်

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ် ကြီး ထွန်းအောင်က တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု (၇၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အမှတ်တရလက်ဆောင် ကို ဂါရဝပြုပေးအပ်သည်။

သရုပ်ပြပျံသန်း

ထို့နောက် လေယာဉ်၊ ရဟတ်ယာဉ် များ သရုပ်ပြအုပ်ဖွဲ့ ပျံသန်း အလေးပြု

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်ဒေါ်နီး ဒေါ်ကြူကြူလှ တပ်မတော်(လေ) (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ငှက်များကို တေးမဲ့လွှတ်ပေးကြစဉ်။

ခြင်းနှင့် စွမ်းရည်ပြသခြင်းများကို ဆောင်ရွက်ရာ Mi–17 ရဟတ်ယာဉ် လေးစင်းက Arrow Head Formation ပုံစံဖြင့် လည်းကောင်း၊ Bell – 206 ရဟတ် ယာဉ် နှစ်စင်း၊ H–125 ရဟတ်ယာဉ် နှစ်စင်း၊ H–120 ရဟတ်ယာဉ် နှစ်စင်းတို့က Composite Formation ပုံစံ ဖြင့်လည်းကောင်း၊ MTX–1B ကင်းထောက်လေယာဉ် တစ်စင်းနှင့် Grob–120 TP အမောင်းသင် လေယာဉ် သုံးစင်းတို့က Composite Formation ပုံစံဖြင့်လည်းကောင်း၊ K–8 ဂျက်တိုက် လေယာဉ် ငါးစင်းတို့က Kite Formation ပုံစံဖြင့်လည်းကောင်း၊ F – 7 တိုက် လေယာဉ် လေးစင်းက Box Formation ပုံစံဖြင့်လည်းကောင်း၊ MiG–29 ဘက်စုံသုံး ဂျက်တိုက်လေယာဉ် ငါးစင်းက Arrow Head Formation ပုံစံဖြင့်လည်းကောင်း၊ Su–30 SME ဘက်စုံသုံး အကြီးစား ဂျက်တိုက်လေယာဉ် နှစ်စင်းနှင့် FTC–2000G တိုက်လေယာဉ် နှစ်စင်းတို့က Composite Formation ပုံစံဖြင့်လည်း ကောင်း အသီးသီး သရုပ်ပြပျံသန်းကြ သည်။

စွမ်းရည်ပြပျံသန်း

ဆက်လက်ပြီး MiG–29 ဘက်စုံသုံး ဂျက်တိုက်လေယာဉ်များနှင့် စတုတ္ထမျိုး ဆက်လွှန် ဘက်စုံသုံးအကြီးစားတိုက် လေယာဉ်ဖြစ်သည့် Su–30 SME တိုက် လေယာဉ်များက အဆင့်မြင့် လှုပ်ရှားစွမ်း ကစားမှု (High Performance Maneuver) များအား စွမ်းရည်ပြ ပျံသန်းခြင်းများကို ဆောင်ရွက်သည်။

ပျံသန်းအလေးပြု

ထိုသို့ စွမ်းရည်ပြသရာတွင် MiG–29 ဘက်စုံသုံး ဂျက်တိုက်လေယာဉ်တစ်စင်း က ရွှေရပ်၏ရှေ့တည့်တည့်မှ ဝင်ရောက် လာပြီး Victory Roll Maneuver နှင့် Level 8 Maneuver ကိုလည်းကောင်း၊ Combat Turn နှင့် Multiple Roll Maneuver ကိုလည်းကောင်း၊ Slow Flight နှင့် Zoom Climb Maneuver၊ Vertical Roll Maneuver တို့ကိုလည်း ကောင်း စွမ်းရည်ပြပျံသန်းပြီး MiG–29 ဘက်စုံသုံး ဂျက်တိုက်လေယာဉ် လေးစင်း က ရွှေရပ်၏

စာမျက်နှာ ၅ သို့

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တပ်မတော်(လေ) (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားတွင် လေယာဉ်၊ ရဟတ်ယာဉ်များက သရုပ်ပြအုပ်ဖွဲ့ ပျံသန်းအလေးပြုခြင်းနှင့် စွမ်းရည်ပြသခြင်းများ ဆောင်ရွက်ကြစဉ်။

စာမျက်နှာ ၄ မှ

ရှေ့တည့်တည့်မှ Box Formation ပုံစံဖြင့် အုပ်ဖွဲ့ပျံသန်း အလေးပြုကြသည်။

ထို့နောက် စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးအကြီးစား တိုက်လေယာဉ်ဖြစ်သည့် Su-30 SME တိုက်လေယာဉ် တစ်စင်းက Point Roll Maneuver၊ High-G Turn Maneuver၊ Derry Turn Maneuver၊ Oblique Loop Maneuver၊ Combat Turn Maneuver ၊ Flap Spin Maneuver တို့ဖြင့် စွမ်းရည်ပြပျံသန်းပြီး နောက်ဆုံးတွင် Slow Flight Maneuver ဖြင့် ပျံသန်းသရုပ်ပြသ၍ မီးကျည်များကို ပစ်လွှတ်ကာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား အလေးပြုသည်။

ယင်းနောက် ဇီဝိတဒါနငှက်လွှတ်ခြင်း ဆောင်ရွက်ကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက တပ်မတော်(လေ) (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ငှက်များကို ဘေးမဲ့လွှတ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သရုပ်ပြအုပ်ဖွဲ့ပျံသန်းမှုတွင် ပါဝင်သော လေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(လေ) (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားတွင် သရုပ်ပြအုပ်ဖွဲ့ပျံသန်းမှုဖြင့် ပါဝင်သော လေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားစဉ်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး(၆/၂၀၂၅) ကျင်းပ

မုံရွာ ဒီဇင်ဘာ ၁၅

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး(၆/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မုံရွာခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျင်းပမည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ မဲဆန္ဒရှင်စာရင်းများ ကျန်ရှိမှုမရှိစေရေး၊ မပါသင့်သည့် စာရင်းများပါရှိမှု မရှိစေရေး၊ အချက်အလက် မှားယွင်းခြင်းများ မရှိစေရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က တိုင်းဒေသကြီး အတွင်းရှိ ခရိုင်၊ မြို့နယ်များအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းမှန်ကန်မှုရှိစေရေးအတွက် ကြိုတင်ဆောင်ရွက်နေမှုများ၊ MEVM စက်များ ဖြန့်ဝေရောက်ရှိမှု အခြေအနေ၊ လူဦးရေစာရင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေး၊ လုံခြုံရေးကြိုးကြပ်မှုဆိုင်ရာများ၊ MEVM မဲပေးစက်များ ဖြန့်ဝေရောက်ရှိမှု အခြေအနေများနှင့် ဝန်ကြီးဌာနအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး မဲရုံခင်းကျင်းထားရှိမှုနှင့် လျာထားမဲရုံနေရာများ ကြည့်ရှုစစ်ဆေး

မန္တလေး ဒီဇင်ဘာ ၁၅

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲ အပိုင်း(၁)၌ ပါဝင်သည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံ မြို့နယ်အတွင်း မဲရုံခင်းကျင်းမှုနှင့် လျာထားမဲရုံနေရာများကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး လွှတ်တော်သို့ ရောက်ရှိပြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့် ဆက်စပ်ပစ္စည်းများထားရှိမှု၊ သက်ဆိုင်ရာ မဲရုံများအတွက် စနစ်တကျဖြန့်ဝေထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)နှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးမှုမရှိစေရေး၊ မီးဘေးအန္တရာယ် ကင်းရှင်းစေရေးတို့ကို အထူးဂရုစိုက်ကြပ်မတ်ထိန်းသိမ်းသွားရေး မှာကြားပြီး မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရှိ ငလျင်ကြောင့် ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည့်နေရာများ ပြန်လည်ပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း အေးသီတာခန်းမ၌ မဲရုံခင်းကျင်းမှုများကို လည်းကောင်း၊ အမှတ်(၂၅) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၁၅)အခြေခံပညာအလယ်တန်းကျောင်း၊ စိန်တိုးဓမ္မာရုံနှင့် အမှတ်(၁၄)အခြေခံပညာအလယ်တန်းကျောင်း လျာထားမဲရုံနေရာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ငလျင်ကြောင့် နန်းမြို့ရိုး၊ ပြအိုး၊ ပြာသာဒ်နှင့် သူရဲ့ခိုများ ထိခိုက်ပျက်စီးမှု ပြန်လည်ပြုပြင် ဆောင်ရွက်နေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

❖ ကျောပုံးမှ

ချီတက်အလေးပြု

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက သင်တန်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး အလံတော်အဖွဲ့နှင့် ကျောင်းဆင်းတပ်ခွဲများအား စစ်ဆေးသည်။ ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကျောင်းဆင်းတပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းသည်တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတတ္ထသိုလ် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၁၀)မှ အကောင်းဆုံး သင်တန်းသူဆုရရှိသူ သင်တန်းသူ ခိုင်စံပယ်မျိုး၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသူ ရီရီမြင့်နှင့် စာပေထူးချွန်ဆုရရှိသူ သင်တန်းသူ သင်းသင်းသီရိတို့အား ဆုများပေးအပ် ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုမဓ္ဓ မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက မိန့်ခွန်းပြောကြားရာတွင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတတ္ထသိုလ်၏ ရည်ရွယ်ချက်ဖြစ်သည့် “မွေတာဝန်အရေးသုံးပါးကို ကာကွယ်မည့် အမျိုးသားတပ်မတော်အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ပညာသည်များ မွေးထုတ်ပေးရန်” ဆိုသည်နှင့် အညီ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာတွင် “သူရ၊ ပညာ၊ ကျွမ်းကျင်” ဆိုသည့် ဆောင်ပုဒ်အတိုင်း သူရသတ္တိနှင့်ပြည့်စုံပြီး လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် “ကျွမ်းကျင်၊ ကုညီ၊ ဆေးစစ်သည်”များအဖြစ် ယနေ့သင်တန်းဆင်းကြသူများအပါအဝင် ဘွဲ့ကြို၊ ဘွဲ့လွန်၊ ဒီပလိုမာလက်မှတ်ရသူစုစုပေါင်း ၅၆၉၂ ဦးကို လေ့ကျင့်မွေးထုတ်ခဲ့ပြီး ဖြစ်ကြောင်း။ ထို့ကြောင့် ကျောင်းဆင်း သင်တန်းသူများအနေဖြင့် စစ်ပညာပိုင်းတွင် တပ်စုမှူးအဆင့်၊ ဆေးပညာပိုင်းတွင် စစ်မြေပြင်သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ အကာအကွယ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်သည်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ပြီးဖြစ်၍ သူနာပြုအဓိဋ္ဌာန် ကတိသစ္စာ ၉ ချက်ကို တည်ကြည်ဖြောင့်မတ်စွာ စောင့်ထိန်းပြီး တပ်မတော်နှင့်ပြည်သူ့အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စေတနာ၊ မေတ္တာအရင်းခံဖြင့် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်

တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလ ကတည်းကပင် ယှဉ်တွဲသန္ဓေတည် ပေါက်ဖွားလာခဲ့ခြင်း ဖြစ်ကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA) ချီတက်ရာခရီးတစ်လျှောက် ထားဝယ်စစ်ကြောင်း မှစ၍ ဦးစွာလိုက်ပါလာခဲ့သည်မှာ သူနာပြုတပ်ဖွဲ့ ပင်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီး ပြည်တွင်းသောင်းကျန်းမှုကာလ၏ သမိုင်းခရီးတွင် သူနာပြုအရာရှိ၊ စစ်သည်များအနေဖြင့် စစ်မြေပြင်ဆေးအကာအကွယ်ပေးရေး လုပ်ငန်းစဉ်များတွင် ထူးခြားပြောင်မြောက်စွာ ထမ်းဆောင်နိုင်ခဲ့သဖြင့် ဖလောရင့် နိုက်တင်ဂေးဆု အပြင် ထိုကာလက စစ်သေနာပတိ၏ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်ခံရသည်အထိ သူနာပြုအရာရှိ၊ စစ်သည်များ၏ သမိုင်းမှတ်တမ်းကောင်းများကို တွေ့ရှိရမည်ဖြစ်ကြောင်း။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတတ္ထသိုလ်၏ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက ၁၉၅၉ ခုနှစ် စစ်သူနာပြုသင်တန်း တပ်ဆွယ်တွင် အမျိုးသမီး စစ်သူနာပြုအရာရှိသင်တန်းကို အမှတ်စဉ်(၁)မှ အမှတ်စဉ်(၁၆)အထိ ဖွင့်လှစ်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် သူနာပြု သိပ္ပံဘွဲ့ အမျိုးသမီးဗိုလ်လောင်းသင်တန်းကို အမှတ်စဉ်(၁)မှ အမှတ်စဉ်(၄)အထိ တပ်မတော်ဆေးတက္ကသိုလ်တွင် ဖွင့်လှစ်လေ့ကျင့်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် တပ်မတော်သူနာပြုတက္ကသိုလ်ကို စတင်ဖွင့်လှစ်ကာ အမျိုးသား အမျိုးသမီးများကိုပါ သူနာပြုသိပ္ပံဘွဲ့သင်တန်းများ တက်ရောက်စေခဲ့ကြောင်း၊ ၂၀၀၂ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပြီး ဆေးဝါးကျွမ်းကျင်သူ၊ ဓာတ်မှန်ခွဲနည်းပညာကျွမ်းကျင်သူနှင့် ပုံရိုက်ဖော်နည်းပညာကျွမ်းကျင်သူပညာရှင်များကို တိုးချဲ့မွေးထုတ်နိုင်ခဲ့ကြောင်း။

အရှိန်အဟုန်မပြတ် လေ့ကျင့်ပေးလျက်ရှိ

သင်တန်းဆင်းပြီး လက်တွေ့နယ်ပယ်တွင် သတ်မှတ်ကာလ တာဝန်ထမ်းဆောင်ပြီးပါက ပြန်တမ်းဝင်အရာရှိများအဖြစ် ခန့်အပ်တာဝန်ပေးအပ်သကဲ့သို့ အရည်အချင်းပြည့်မီသူများကို စိစစ်ရွေးချယ်ကာ မဟာဘွဲ့သင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများနှင့် ဒီပလိုမာသင်တန်းများကို ဆက်လက် တက်ရောက်စေလျက်ရှိကြောင်း၊ ထို့ပြင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတတ္ထသိုလ် အနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ပြည်ပနိုင်ငံအချို့၌ရှိသည့် သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များတွင် ပါရဂူဘွဲ့၊ မဟာသိပ္ပံဘွဲ့နှင့် ဒီပလိုမာဘွဲ့ များအတွက် စေလွှတ်တက်ရောက်ခဲ့ပြီး တပ်မတော်၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာကဏ္ဍကို ပိုမိုမြင့်မားအောင် အရှိန်အဟုန်မပြတ် လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် အဆိုပါအတိတ်သမိုင်းမှတ်တမ်းကောင်းများကို စံနမူနာယူပြီး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတတ္ထသိုလ်၏ သမိုင်းအသစ်တွင် ထူးချွန်ပြောင်မြောက်သည့် သူနာပြု၊ ဆေးဝါး ကျွမ်းကျင်သူနှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာသည်များအဖြစ် ဆက်လက်ကမ္ဘည်းထိုးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလို ကြောင်း၊ တပ်မတော်က လေ့ကျင့်မွေးထုတ်ပေးလိုက်သည့် တပ်မတော် သူနာပြု၊ ဆေးဝါးကျွမ်းကျင်သူနှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာသည်များသည် ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍာတွင် မရှိမဖြစ်လိုအပ်သည့် အရေးပါသူများဖြစ်ကြောင်း၊ သူနာပြုစုခြင်းသည် ရောဂါဝေဒနာခံစားနေရသည့် လူတစ်ဦးကို ကျန်းမာအောင် ဆောင်ရွက်ပေးခြင်း ဖြစ်ပြီး မကျန်းမာသူတစ်ဦး၏ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းအပြင် လူနာ၏နာကျင်မှုနှင့် ဝေဒနာခံစားနေရမှုကို သက်သာစေရန် ပြုစုကုသပေးခြင်းလည်းဖြစ်ကြောင်း။

ကျွမ်းကျင်သည့် သူနာပြုစုစောင့်ရှောက်မှုသည် ကျန်းမာရေးကောင်းသည့် လူနာနှင့် မိသားစုဝင်များ၏ ရုပ်ပိုင်းဆိုင်ရာပြုစုကုသမှုကို လုပ်ဆောင်ပေးနိုင်ကြသကဲ့သို့ ရောဂါဝေဒနာကြောင့် ဖြစ်ပေါ်လာသည့် စိတ်ဖိစီးမှုများ လျော့ပါးသွားစေအောင်လည်း ဆောင်ရွက်ပေးနိုင်ကြောင်း၊ သူနာပြုများသည် လူနာ၏ ကျန်းမာရေးအခြေအနေ အဆင့်ဆင့်များတွင် စောင့်ရှောက်မှု ပေးသူ၊ စည်းရုံးညှိနှိုင်းသူနှင့် စိတ်ခံစားမှု စာနာနှစ်သိမ့်သူအဖြစ်လည်း ဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းစဉ်များတွင် အသွင်သဏ္ဌာန်မျိုးစုံဖြင့် ပါဝင်နေကြခြင်းဖြစ်၍ သူနာပြုစိတ်ဓာတ်၏ အခြေခံဖြစ်သည့် “ဝါသနာ၊ စေတနာ၊ အကြင်နာ၊ အနစ်နာ၊ နမူနာ”ဆိုသည့် နာ ၅ နာနှင့်အညီ လူနာများအပေါ် စေတနာမေတ္တာထား ပြုစုကုသသွားကြရန် မှာကြားလိုကြောင်း။

ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများသည် သက်ဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်အလိုက် လူနာ၏ ကျန်းမာရေးကုသ စောင့်ရှောက်မှုတွင် ပံ့ပိုးကူညီသူများဖြစ်ပြီး ရောဂါရှာဖွေရေးနှင့် အကဲဖြတ်ရာတွင် ပါဝင်ဆောင်ရွက်ပေးကြရခြင်းဖြစ်ကြောင်း၊ ဆေးဝါးများ ထိန်းသိမ်းခြင်းနှင့် လူနာ လက်ဝယ်သို့ မပျက်စီး မှန်မှန်ကန်ကန် ရောက်ရှိအောင် ဆောင်ရွက်ပေးခြင်း၊ လူနာများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ခန္ဓာပိုင်းဆိုင်ရာ ကြွံခိုင်သန်စွမ်းလာစေရန် တို့ကိုလည်း ဆောင်ရွက်ပေးရကြောင်း၊ ထို့ပြင် လူမှုစီးပွားဘဝ ပြန်လည်ဖွံ့ဖြိုးလာစေရန် ထောက်ကူဖေးမပြုစုကုသခြင်း စသည့် ကျန်းမာရေးစောင့်ရှောက်မြှင့်တင်မှုလုပ်ငန်းစဉ်များသည် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ၏ လုပ်ငန်းတာဝန်များ ဖြစ်သောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ အောင်မြင်မှုသည် ဆရာဝန်၊ သူနာပြုနှင့် ဆေးဘက်ဆိုင်ရာကျွမ်းကျင် သူများ၏ ပူးပေါင်းဆောင်ရွက်နိုင်မှုအပေါ် များစွာမူတည်နေကြောင်း။

ထို့ကြောင့် တပ်မတော်သားများ၊ မိသားစုဝင်များနှင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် မိမိတို့ တတ်စွမ်းသမျှ သော သူနာပြုနှင့် ဆေးဘက်ဆိုင်ရာပညာရပ်များ အစွမ်းကုန်အသုံးချပြီး ပြုစုစောင့်ရှောက်ပေးသွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

ဓောဝိမိဆေးဝါး အတတ်ပညာများ မပေါ်ပေါက်မီ ကမ္ဘာ့နိုင်ငံအသီးသီး၌ လူ့အဖွဲ့အစည်းများတွင် ကျန်းမာရေး အတွက် ရိုးရာဆေးပညာကုထုံးများနှင့် ဆေးဝါးများကိုသာ အားကိုးအားထားပြု သုံးစွဲခဲ့ကြရကြောင်း၊ မြန်မာ့သမိုင်းစဉ် တစ်လျှောက်တွင် ပြည်သူလူထု၏ ကျန်းမာရေးကို မြန်မာ့တိုင်းရင်းဆေး ပညာ၊ တိုင်းရင်းဆေးဝါးများနှင့် ထိထိရောက်ရောက် စောင့်ရှောက်ကုသမှုပေးခဲ့ကြသည့် အစဉ်အလာများကို သမိုင်းမှတ်တမ်းများ၊ ဓောဝိအဏ်ဆက်ရေးသားခဲ့သည့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ပေ၊ ပုရပိုက်များ၊ စာပေကျမ်းဂန်များမှတစ်ဆင့် သိရှိနိုင်ကြောင်း။

နိုင်ငံတော်ကလည်း ကျန်းမာရေးစောင့်ရှောက်မှုများတွင် တိုင်းရင်းဆေးပညာဖြင့် ပါဝင်အားဖြည့်နိုင်ရန်အတွက် တိုင်းရင်းဆေးကဏ္ဍကို အလေးအနက်ထား ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း။ ထိုသို့ မြန်မာ့တိုင်းရင်းဆေး ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ဆေးဝါးကျွမ်းကျင်ဘာသာရပ်သည် ဆေးဝါးအရည်အသွေး၊ သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ်စသည့် အဓိက အချက်များကို ပံ့ပိုးပေးသော အချက်အချာနယ်ပယ်တစ်ခုဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။ *စာမျက်နှာ ၇ သို့*

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတတ္ထသိုလ်၊ အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

❑ **နိုင်ငံတော်ကလည်း ကျန်းမာရေးစောင့်ရှောက်မှုများတွင် တိုင်းရင်းဆေးပညာဖြင့် ပါဝင်အားဖြည့်နိုင်ရန်အတွက် တိုင်းရင်းဆေးကဏ္ဍကိုအလေးအနက်ထားပံ့ပိုးဆောင်ရွက်ပေးလျက်ရှိ**

❑ **မြန်မာ့တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ဆေးဝါးကျွမ်းကျင်ဘာသာရပ်သည် ဆေးဝါးအရည်အသွေး၊ သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ် စသည့်အဓိက အချက်များကို ပံ့ပိုးပေးသော အချက်အချာနယ်ပယ်တစ်ခုဖြစ်သည်ကို တွေ့ရ**

စာမျက်နှာ ၆ မှ

ဆေးဝါးဖော်စပ် ထုတ်လုပ်ရာတွင် စက်ပစ္စည်းကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ်တတ်ရန်၊ ပါဝင်သည့်ကုန်ကြမ်းနှင့် ဆေးဝါးများ ထိန်းသိမ်းတတ်ရန်၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီစေရန်၊ ဆေးဖက်ဝင်မှုအပေါ် သိပ္ပံနည်းကျသက်သေပြနိုင်ရန်၊ သုတေသနပြုမှုနှင့် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ပေးနိုင်ရန်မှာ ဆေးဝါးကျွမ်းကျင်ပညာရှင်များ၏ လုပ်ငန်းတာဝန်ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အဓိကကျသည့်အချက်သည် ကျန်းမာသန်စွမ်းသည့် လူသားအရင်းအမြစ်များ၏ စွမ်းအားပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စဉ်ဆက်မပြတ် အားပေးဆောင်ရွက်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

"ကျန်းမာရေးသည်အဓိက၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည် ဆိုသည့်အတိုင်း" ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် မျှော်မှန်းသက်တမ်း မြင့်မားလာစေရေး အတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် ကျန်းမာသော လူ့စွမ်းအားအရင်းအမြစ်များ လုံလုံလောက်လောက် လေ့ကျင့်မွေးထုတ်ပြီး နိုင်ငံတစ်ဝန်းတွင်ရှိသည့် ပြည်သူများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

သူနာပြုကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်

ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရောဂါ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ရောဂါဖြစ်ပွားလာပါက အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှု ပေးနိုင်ရေးလုပ်ငန်းများကို မိမိတို့ နိုင်ငံ၏ အရင်းအမြစ်များအပေါ်မူတည်ပြီး ထိရောက်သည့်မူဝါဒများ၊စီမံချက်များ ရေးဆွဲအကောင်အထည် ဖော်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လူတိုင်းလက်လှမ်းမီပြီး အရည်အသွေးပြည့်ဝသည့် ကျန်းမာရေး စောင့်ရှောက်မှုများကို ပြည်သူလူထု၏ ကိုယ်ပိုင်ဒေသကြေးကုန်ကျရမှု အနည်းဆုံး သက်သာစွာဖြင့်ရရှိစေရေး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုကို တစ်တပ်တစ်အား ဖြည့်ဆည်း ဆောင်ရွက်သည့်နေရာတွင် အရေအတွက်သာမက အရည်အချင်းနှင့် အဘက်ဘက်မှပြည့်စုံသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် သူနာပြုကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ပေးရန် အသက်နှင့် ခန္ဓာကို ပေးဆပ်ရန် သန္နိဋ္ဌာန်ပြုထားသူများဖြစ်၍ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှုဆိုသည့် အခြေခံအရည်အချင်း၀ါးပါးနှင့် ပြည့်စုံရေးသည် တပ်မတော်သားကောင်း တစ်ယောက် ဖြစ်ရန် အရေးကြီးဆုံးပင်ဖြစ်ကြောင်း၊ တပ်မတော်သားကောင်းတစ်ယောက် ဖြစ်ရန်အတွက် ထုတ်ပြန်ထားသည့် စစ်သည်တော်ကျင့်ဝတ် အပါး(၆၀)အတိုင်း လိုက်နာကျင့်ကြံခြင်း၊ တပ်မတော်၏ အစဉ်အလာကောင်း(၁၂)ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းများသည် အခြေခံအကြောင်းတရားများပင် ဖြစ်ကြောင်း၊ ထိုကဲ့သို့ အခြေခံအကြောင်းတရားများကို လိုက်နာကျင့်ကြံရင်း တပ်မတော်သား ဘဝတစ်လျှောက် ခိုင်ခိုင်မာမာ ရပ်တည်လျှောက်လှမ်းသွားမည်ဆိုပါက အခြေခံအရည်အချင်းများနှင့် ပြည့်စုံသည့် တပ်မတော်သားကောင်းများ ဖြစ်လာမည် ဖြစ်ကြောင်း။

ထို့ပြင် တပ်မတော်သားဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များဖြစ်သည်နှင့်အညီ သူနာပြုစိတ်ဓာတ် (The Spirit of Nursing) ကိုလည်း ခိုင်ခိုင်မာမာ မွေးမြူသွားကြရမည်ဖြစ်ကြောင်း၊ ဆေးသိပ္ပံပညာရပ်သည် ခက်ခဲသည့် ပညာရပ်တစ်ခုဖြစ်သဖြင့် ယင်းပညာရပ်များကို အခြေခံပြီး အဓိက တပ်မတော်သားများ၊ တပ်မတော်သား မိသားစုဝင်များအပြင် တစ်ဖက်တစ်လမ်း ကလည်း ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ရာနှုန်း ပြည့် လွှမ်းခြုံနိုင်အောင် ကြိုးစားကြရန် လိုအပ်ကြောင်း၊ လက်တွေ့ နယ်ပယ်တွင် ကြုံတွေ့လာရမည့် အတွေ့အကြုံအသစ်များနှင့် မိမိတို့ တတ်ကျွမ်းထားသည့် ဆေးပညာရပ်များ ပေါင်းစပ်ပြီး ပိုမိုမြင့်မားသည့် ဆေးပညာရပ်များ၊ ကုသမှုနှင့်ပြုစုမှုစနစ်ကောင်းများ ပိုင်ဆိုင်နိုင်အောင် ဆက်လက်ပြီး လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆောင်ရွက်မှုများကို မလွဲမသွေ ကြိုးစား သွားကြရမည်ဖြစ်ကြောင်း၊ လက်တွေ့ နယ်ပယ်တွင် တာဝန်ထမ်းဆောင်ရင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မှာသာမက တပ်မတော်က တရားသဖြင့် ပေးအပ်လာမည့် သီးခြားတာဝန်များကို လည်း ကျေပွန်စွာ ထမ်းဆောင်သွားကြရန် လိုအပ်ကြောင်း။

ယနေ့ကမ္ဘာ၏ ကဏ္ဍစုံတွင် AI အပါအဝင် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှု အရှိန်အဟုန် မြင့်မားလာသည်ကို တွေ့မြင်ကြမည်ဖြစ်ကြောင်း၊ ထိုသို့ ဖွံ့ဖြိုးတိုးတက်လာသည့် နည်းပညာများကို အခွင့်ကောင်းယူပြီး သတင်းအချက် အလက်စစ်ဆေးရေးကို နိုင်ငံရေး၊ စစ်ရေး အပြင် အခြားကဏ္ဍများတွင် စစ်ဆင်လာသည်ကို တွေ့မြင်နေရကြောင်း၊ ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့်သမားများ၏ သတင်းအချက်အလက် စစ်ဆင်ရေးသည် လူတန်းစားအလွှာ အသီးသီးတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုနေသည့် Social Network များကတစ်ဆင့် ဦးတည်ဝင်ရောက်နေခြင်းပင်ဖြစ်ကြောင်း။

သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်မှုနှင့် အတူ ဆိုးကျိုးအဖြစ် ယှဉ်တွဲဝင်ရောက် လာခဲ့သည့် သတင်းတု၊ သတင်းမှားများ၏ အန္တရာယ်ကိုလည်း ကိုယ်တိုင်သိမြင်နိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ အချို့သောဒေသများတွင် အကြမ်းဖက် လက်နက်ကိုင်အဖွဲ့များသည် အသိပညာ နည်းပါးသည့် လူငယ်လူရွယ်များကို အသုံးပြုပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးနှင့် ပြည်သူအများ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးများကို နောင့်ယှက်ဖျက်ဆီး မှုများ ပြုလုပ်နေကြသည်ကို တွေ့မြင်ရ မည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများ၏ ကြိုးကိုင်မှုများမှတစ်ဆင့် အသိပညာ နည်းပါးသည့် လူငယ်လူရွယ်များ အသုံးချ ခံနေရခြင်းသည် အနာဂတ်တိုင်းပြည် အတွက် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးနစ်နာမှုများပင်ဖြစ်ကြောင်း။

ထို့ကြောင့် သတင်းနှင့်နည်းပညာပိုင်း ဆိုင်ရာအတတ်ပညာများကို တစ်ဖက် တစ်လမ်းက နားလည်အောင် လေ့လာ ဆည်းပူးပြီး နိုင်ငံတော်ပြိုကွဲအောင်၊ တပ်မတော်ပြိုကွဲအောင်နှင့် မိမိအဖွဲ့ အစည်း၊ မိမိ မိသားစုအတွင်း အထင်အမြင်၊ အယူအဆ လွဲမှားစေသည့် သတင်းတု၊ သတင်းမှားများကို မိမိတို့၏ အသိပညာ၊ ဥာဏ်ပညာများနှင့် စဉ်းစား သုံးသပ်ပြီး မှန်ကန်သည့် အကြောင်းအရာများကိုသာ ဆုံးဖြတ်လုပ်ကိုင်သွားကြရန် နှင့် ယင်းပညာရပ်များမှတစ်ဆင့် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပိုမို တိုးတက်မြင့်မား ကျွမ်းကျင်သည့်သူနာပြု နှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ဆေးဘက် ပညာသည်များဖြစ်အောင် ကြိုးပမ်းကြရန် မှာကြားလိုကြောင်း။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေး ကောင်စီ၏ ဦးတည်ချက်(၄)ရပ် နောက်ဆုံးအချက်တွင် "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီ စနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင် ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး" ဆိုသည့်အတိုင်း တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး ရည်မှန်းထားသည့် ဒီမို ကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံ သည့် ပြည်ထောင်စုကြီး တည်ဆောက် နိုင်ရန်အတွက် လွတ်လပ်ပြီး တရားမျှတ သည့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးသည် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း။

ထိုသို့အောင်မြင်သည့် ရွေးကောက်ပွဲ ဖြစ်ရန်အတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံးမဲပေးခွင့်ရှိအောင် စီစဉ်ဆောင်ရွက် ပေးထားသကဲ့သို့ ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်ရန်နှင့် မဲမသမာမှု လုံးဝမဖြစ်စေရေး Myanmar Electronic Voting Machine-MEVM အသုံးပြု မဲပေးနိုင်စေရေး စီမံဆောင်ရွက်ထားပြီး ဖြစ်သည့်အပြင် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများကိုလည်း ဖိတ်ခေါ်ထားပြီးဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ တည်ဆဲဥပဒေအေးချမ်းရေးနှင့် ဒီမိုကရေစီ ကျင့်သုံးမှု ပိုမိုတိုးတက်ဖွံ့ဖြိုးရေးကို လိုလားသည့် မိတ်ဖက်နိုင်ငံများသည် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင် ရေး ထောက်ခံအားပေးခဲ့ကြသကဲ့သို့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့များကိုလည်း စေလွှတ်ပေးသွားမည်ဟု သိရှိရကြောင်း။

ထို့ပြင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်နှင့် ကျင့်ဝတ်များကို ထုတ်ပြန်ပေးခဲ့ပြီး မြန်မာနိုင်ငံ သတင်းမီဒီယာများအတွက် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ လမ်းညွှန်ကိုလည်း ထုတ်ပြန်ပေးထား ပြီးဖြစ်ကြောင်း၊ထိုသို့လုပ်ဆောင်ပေးထား ခြင်းသည် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပွင့်လင်း မြင်သာမှုနှင့် လွတ်လပ်၍ တရားမျှတမှု ရှိကြောင်းကို နိုင်ငံတကာနှင့် ပြည်တွင်း လေ့လာစောင့်ကြည့်ရေး အဖွဲ့များက လေ့လာစောင့်ကြည့်နိုင်ရေး စီစဉ် ဆောင်ရွက်ပေးထားခြင်းပင်ဖြစ်ကြောင်း။

ရွေးကောက်ပွဲသည် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးလိုလားသည့် ဒီမို ကရေစီခရီး၏ အရေးကြီးသော ပထမ လုပ်ငန်းစဉ်ဖြစ်၍ ရွေးကောက်ပွဲ မအောင်မြင်စေရန်၊ မဖြစ်မြောက်စေရန် ကြိုးပမ်းဆောင်ရွက်မှု မှန်သမျှသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ဆန္ဒ ကို ဖျက်ဆီးခြင်းဖြစ်သည့်အတွက် ရွေးကောက်ပွဲကို နောင့်ယှက်လာမည့် အဖျက်အမှောင့်မှန်သမျှကိုလည်း ပြည်သူ လူထုအားလုံးနှင့် ပိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်လိုအပ်ကြောင်း။

စာမျက်နှာ ၈ သို့

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသေရေစည်သူ ဦးဝင်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတတ္တသိုလ်၊ အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၁၀) ကျောင်းဆင်းတပ်ခွဲများအား စစ်ဆေးစဉ်။

◆ **ဆေးဝါးဖော်စပ်ထုတ်လုပ်ရာတွင် စက်ပစ္စည်းကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ်တတ်ရန်၊ ပါဝင်သည့် ကုန်ကြမ်းနှင့်ဆေးဝါးများ ထိန်းသိမ်းတတ်ရန်၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီစေရန်၊ ဆေးဖက်ဝင်မှုအပေါ် သိပ္ပံနည်းကျသက်သေပြ နိုင်ရန်၊ သုတေသနပြုမှုနှင့် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ပေးနိုင်ရန်မှာ ဆေးဝါးကျွမ်းကျင်ပညာရှင်များ၏ လုပ်ငန်းတာဝန်ဖြစ်**

စာမျက်နှာ ၇ မှ

တပ်မတော်အနေဖြင့် နိုင်ငံတာဝန်များကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ္တတာဝန်ယူထမ်းဆောင်ခဲ့ရခြင်းဖြစ်၍ ရွေးကောက်ပွဲကျင်းပပြီးစီးပါက ပေါ်ထွန်းလာမည့် ရွေးကောက်ခံအစိုးရထံ နိုင်ငံတော်တာဝန်များကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ လွှဲအပ်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းစဉ်များ၌ ကျရာကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်မည့် အမျိုးသားတပ်မတော်အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော တပ်မတော်သားသူနာပြုများ၊ ဆေးပါးကျွမ်းကျင်သူများနှင့် ဆေးဘက်ပညာသည်များဖြစ်အောင် အစဉ်တစိုက် ကြိုးပမ်းထမ်း ရွက်သွားကြရန်၊ စစ်သည်တော်ကျင့်ဝတ်နှင့် ဆေးပညာကတိသစ္စာများကို တစ်သဝေမတိမ်းလိုက်နာပြီး တပ်မတော်သား သူနာပြုတပ်ဖွဲ့ဝင်ကောင်းများဖြစ်အောင် စဉ်ဆက်မပြတ် ကြိုးစားသွားကြရန်၊ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် ဆေးသိပ္ပံပညာရပ်များကို လေ့လာဆည်းပူးပြီး ပိုမိုကျွမ်းကျင်သည့် ဆေးသိပ္ပံပညာရှင်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ သူနာပြုတပ်ဖွဲ့ဝင်ကောင်းဘဝများကို လေးစားတန်ဖိုးထားပြီး ကောင်းမွန်သည့် ကြိုးစားအားထုတ်မှုများနှင့် တာဝန်ကျရာ နေရာဒေသအသီးသီးတွင် မိမိ၏ဂုဏ်၊ တပ်ဖွဲ့၏ဂုဏ်၊ တပ်မတော်၏ဂုဏ်သိက္ခာနှင့် နိုင်ငံတော်၏ဂုဏ်တို့ကို မြှင့်တင်နိုင်သူများဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထူးချွန်ဆုရသူများအား ဂုဏ်ပြုအမှာစကား ပြောကြား

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီမဟာသရေစည်သူ စိုးဝင်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီမဟာသရေစည်သူ စိုးဝင်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ တက်ရောက်စဉ်။

ကောင်းများကို ကျင့်သုံးဆောင်ရွက်သွားကြရန် ဗိုလ်ချုပ်မှူးကြီး သီရိပျံချီမဟာသရေစည်သူ စိုးဝင်းသည် ကျောင်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။ စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီမဟာသရေစည်သူ စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်း ဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် သင်တန်းသူများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ညပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းသူနာပြုများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(မန္တလေး)ရှိ စစ်မှုထမ်းဟောင်းမိသားစုဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်က အဆိုပါအိမ်ရာ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း ဘဏ္ဍာရေးနှစ်အလိုက် ဆောက်လုပ်ခွင့်ပြုထားသော လေးခန်းတွဲ ခြောက်ထပ် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာအဆောက်အအုံအသစ်များ တိုးချဲ့ဆောက်လုပ်နေမှုအခြေအနေများနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများအား လိုက်လံကြည့်ရှုကြသည်။ ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အိမ်ရာအဆောက်အအုံလုပ်ငန်းခွင်ရှိ တာဝန်ရှိသူများအား တွေ့ဆုံမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်၊ အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်း သင်တန်းသူများအား ဆေးဝန်ထမ်းတာဝန်ခန့်အပ်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ အမျိုးသမီးသူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်း သင်တန်းသူများအား ဆေးဝန်ထမ်းတာဝန်ခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ကျော်စိုးလင်းနှင့် ကျောင်းဆင်းသင်တန်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ကျောင်းဆင်းသင်တန်းသူ တစ်ဦးချင်းစီအား ဆေးဝန်ထမ်း တာဝန် ခန့်အပ်လွှာများ ပေးအပ်သည်။ ဆေးဝန်ထမ်းတာဝန် ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင် ၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) ရှိ အထူးကုသမှုစင်တာတို့၌ ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး၍ မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)အား သွားရောက်ကြည့်ရှုစစ်ဆေး

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)တွင် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား အားပေးစကားပြောကြားပြီး မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်း အိမ်ရာ (လေးထောင့်ကန်)အား ကြည့်ရှုစစ်ဆေးသည်။

နေပြည်တော် ဒီဇင်ဘာ ၁၅

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင် -၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)ရှိအထူးကုသမှုစင်တာတို့၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားပြီး မြန်မာ့သားကောင်း အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာ (လေးထောင့်ကန်)အား ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)သို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စားသောက်ဖွယ်ရာများပေးအပ်

ထို့နောက်ဆေးရုံတက်ရောက် ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ စစ်သည်များအား လိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ဒဏ်ရာရရှိမှု၊ ရောဂါဖြစ်ပွားမှုအခြေအနေများအား မေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဆေးရုံများနှင့် ဆေးရုံဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ဆေးရုံတပ်မှူးများက လက်ခံရယူကြသည်။

အလှူငွေများ လှူဒါန်း

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ၏ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ(ခုတင်-၃၀၀)သို့ သွားရောက်၍ ကိုယ်ဝန်ဆောင် အမျိုးသမီးများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။ ဆက်လက်၍ ဆေးရုံရှိ ထာဝရဆေးပဒေသာပင်အတွက် အလှူငွေများ လှူဒါန်းရာ ဆေးရုံတပ်မှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (တောင်ပိုင်း)ရှိမြန်မာ့သားကောင်း အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာ (လေးထောင့်ကန်) သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက အိမ်ရာတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်လျက်ရှိမှု၊ အိမ်ရာဆောက်လုပ်ပြီးစီးမှု အပေါ်မူတည်၍ စစ်မှုထမ်းဟောင်းများအား ဦးစားပေးရွေးချယ်မှုဖြင့် နေရာချထားပေးမှုနှင့် ဆက်လက် နေရာချထားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြား ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုအခြေအနေများ၊ အိမ်ရာဝင်းအတွင်း သွားလာရေး အဆင်ပြေစေရန်အတွက် ကျောက်ကတ္တရာလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရေစီးရေလာ ကောင်းမွန်စေရေး ကျောက်စီရေဓမ္မာင်းတည်ဆောက် နေမှု၊ အိမ်ရာအနီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ဈေး၊ ပန်းခြံ၊ အားကစားကွင်းများနှင့် ကလေးကစားကွင်းများ တည်ဆောက်ရန် မြေနေရာလျာထားမှု၊ ရေနှင့် လျှပ်စစ်မီးပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် လုံလောက်မှုရှိစေရေး ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က အိမ်ရာဝင်းအတွင်းရှိ လမ်းများတွင် မိုးတွင်းကာလ ရေများ တင်ကျန်မှုမရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ အိမ်ရာအတွင်း နေထိုင်ကြသူများ၏ ပညာရေး၊ ကျန်းမာရေး အပါအဝင် နေထိုင်စားသောက်မှု၊ သွားလာရေးနှင့် အခြားအုပ်ချုပ်မှု ဆိုင်ရာကိစ္စရပ်များ အဆင်ပြေစေရေး စီမံဆောင်ရွက်သွားရန်၊ မြန်မာ့သားကောင်း အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)တွင် နေထိုင်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေး ဆောင်ရွက်ပေးရန် မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း ရှိ ဆောက်လုပ်ပြီးစီးသည့် အဆောက်အအုံများနှင့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များ နေထိုင်လျက်ရှိသည့် တိုက်ခန်းများကို လည်းကောင်း၊ အဆိုပါအိမ်ရာအတွင်းဥစားကြက်များကို အလုံပိတ်အအေးပေးစနစ် (Evaporated Fully Automatic System) ဖြင့် ဥစားကြက်ကောင်ရေ ၃၅၀ စတင်မွေးမြူထားရှိမှု များကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း ရှိဖွင့်လှစ်ထားသည့် မူကြိုကျောင်း၌ ကလေးငယ်များကို အာဟာရ ဖြည့်စွက်စာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ အိမ်ရာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အိမ်ရာတွင် နေထိုင်လျက်ရှိသည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် မြန်မာ့သားကောင်း အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)အနီး ဘုရင့်နောင်လမ်းနှင့် အမှတ်(၇)လမ်းထောင့် နေရာတွင် တည်ဆောက်လျက်ရှိသည့် Shopping Complex လုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက စီမံကိန်းအကောင်အထည်ပေါ်ပေါက်ခဲ့မှု၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းတွင်ပါဝင်သည့် အချက်အလက်များ၊ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့ (QC) ဖွဲ့စည်းထားရှိမှု၊ မီးနှင့် ရေရရှိရေး ဆောင်ရွက်ထားရှိမှု၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးရေးဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က အရည်အသွေးစစ်ဆေးရေးအဖွဲ့အနေဖြင့် အဆောက်အအုံများ စစ်ဆေးရာတွင် သဘာဝဘေးဒဏ်နှင့် ပတ်သက်၍ ခံနိုင်ရည်ရှိရန်အတွက် မျက်မြင်စစ်ဆေးခြင်းမဟုတ်ဘဲ ခံနိုင်ရည်စစ်ဆေးသည့် ခေတ်မီနည်းပညာကိရိယာများဖြင့် တိုင်းတာစစ်ဆေးသွားရန် လိုအပ်မှုအခြေအနေများ၊ Shopping Complex ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် ကြီးမြန်သစ်ပင်များ၊ အရိပ်ရလေကာပင်များကို ယခုကတည်းကပင် စနစ်တကျစိုက်ပျိုးသွားနိုင်ရေးကြိုတင်စီမံဆောင်ရွက်သွားရန်၊ စားသောက်ဆိုင်များ စွန့်ပစ်သည့် ရေဆိုးများနှင့် စားကြွင်းစားကျန်များကို စနစ်တကျစွန့်ပစ်ရေး စီမံဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားပြီး Shopping Complex ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၆

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/၈လ

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဌေး (၅၁) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနား တက်ရောက်

စစ်တွေ ဒီဇင်ဘာ ၁၅

၂၀၂၅ ခုနှစ် (၅၁) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးအမှုဆောင်ချုပ်ဦးအောင်လင်းဌေး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာ မျိုးသိန်းကျော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဒေါက်တာမှူထန်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦး၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဂုဏ်ထူးဆောင်ဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်း ခံရသူများ တက်ရောက်ကြသည်။

ဦးစွာ (၅၁) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို မင်္ဂလာစည်တော်နှင့် ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့တို့က “သျှိုင်ခိုင်” တေးသီချင်းဖြင့် တီးခတ်သီဆို ကပြဖျော်ဖြေ၍ ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုခမ္မ မင်းအောင်လှိုင် ထံမှ (၅၁)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးအမှုဆောင်ချုပ် ဦးအောင်လင်းဌေးက ဖတ်ကြားသည်။ **(ယာဝုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က (၅၁) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ (၅၁)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် အမှုဆောင်ချုပ် ဦးအောင်လင်းဌေးက ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဝန်ကြီးချုပ်၏ အမှုထမ်းကောင်း လက်မှတ်နှင့် ဆုတံဆိပ် ရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက နိုင်ငံတော်အဆင့် စီမံထုးချန်တံဆိပ်(ပထမဆင့်) ရရှိသူများ၊ ပြည်နယ်ဝန်ကြီးချုပ်၏ အမှုထမ်းကောင်းဆု ရရှိသူများ၊ ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူး သင်တန်းအမှတ်စဉ် (၁၂)တွင် သင်တန်းသားထူချန်ဆု (ပထမဆင့်) ရရှိသူများ၊ ပြည်နယ်စီမံထုးချန်ဆု(ပထမဆင့်) ရရှိသူများ၊ ပြည်နယ်လယ်ယာစီးပွားထူးချန်ဆု (ပထမဆင့်) ရရှိသူများ၊ ပြည်နယ်စက်မှုစီးပွားထူးချန်ဆု (ပထမဆင့်) ရရှိသူများ၊ ပြည်နယ်လူမှုထူးချန်ဆု (ပထမဆင့်) ရရှိသူများ၊ ပြည်နယ်စီမံထူးချန်ဆု (တတိယဆင့်)ရရှိသူများ၊ ပြည်နယ်လယ်ယာစီးပွားထူးချန်ဆု (တတိယဆင့်) ရရှိသူများ၊ ပြည်နယ်စက်မှုစီးပွားထူးချန်ဆု(တတိယဆင့်) ရရှိသူများ၊ ပြည်နယ် လူမှုထူးချန်ဆု(တတိယဆင့်) ရရှိသူများနှင့် ပြည်နယ်အစိုးရအဖွဲ့၏ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်အပ်နှင်းခံရသူများအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့က “ရိုးမရံစီ”တေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ အမှုဆောင်ချုပ် ဦးအောင်လင်းဌေးက ဂုဏ်ထူးဆောင်ဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းခံရသူများနှင့် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဘင်ခရာအဖွဲ့နှင့် ပန်းယွားအဖွဲ့တို့ကို ချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် အမှုဆောင်ချုပ် ဦးအောင်လင်းဌေးသည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ဒေသခံမြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များကို ပြည်နယ်အစိုးရအဖွဲ့ ဧည့်ဧကဟာ၌ တွေ့ဆုံပြီး ဒေသတည်ငြိမ်မှုဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် အမှုဆောင်ချုပ်နှင့်အဖွဲ့သည် ကမ္ဘာ့ဗုဒ္ဓသာသနာပြု၊ မဟာဓေယျသိဒ္ဓိ အဓိဌာန်ကျောင်း ဆရာတော်ကြီးနှင့် ရွှေစေတီကျောင်းတိုက် ဆရာတော်တို့အား သွားရောက်ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ညနေပိုင်းတွင် အမှုဆောင်ချုပ်သည် တာဝန်ရှိသူများနှင့်အတူ ခိုင်သဇင်ခန်းမ၌ ကျင်းပသော(၅၁)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်၍ ညစာကို အတူတကွသုံးဆောင်ကြပြီး ရခိုင်ပြည်နယ် ရိုးရာယဉ်ကျေးမှု အဖွဲ့များနှင့် နိုင်ငံကျော် အနုပညာရှင်များ၏ အကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

သတင်းစဉ်

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၅

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အိမ်နီးချင်း မိတ်ဆွေကောင်း နိုင်ငံများဖြစ်သည်နှင့်အညီ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ် ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ် အကြား စစ်ဘက်ဆိုင်ရာ သင်တန်းများ အပြန်အလှန် ဖွင့်လှစ်ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာများတွင် ပိုမိုပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး မူကြိုး(၅)ရပ်ကို စတင်ချမှတ်သည့် သုံးနိုင်ငံတွင် အပါအဝင်ဖြစ်ပြီး လက်ရှိအချိန်အထိ ၎င်းမူများအတိုင်း ခိုင်မာစွာ လိုက်နာဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးပါက ပိုမိုကောင်းမွန်သော နယ်ပယ်များ ပေါ်ထွန်းလာမည့် အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲ အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီးတို့သည် တက်ရောက် လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြသည်။ **(ဝဲဘုံ)**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့် အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူး Colonel Jaswinder Singh Gill တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် ၁၂ ရက် သာ လိုတော့သည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

စစ်တွေ ဒီဇင်ဘာ ၁၅

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများ ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် သည် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရ၊ တာဝန်ရှိသူများနှင့် အတူ ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၊ သင်တန်းကျောင်း ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြပြီး တင်ပြမှု များအပေါ် ပြည်ထောင်စုဝန်ကြီး က လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက်ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံရာ တွင် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများ အနေဖြင့် စာပေအတတ်ပညာ များကို ကြိုးစားလေ့လာသင်ယူ သွားကြရန်၊ အတတ်ပညာများ အပြင် ပြင်ပဗဟုသုတများကို လေ့လာဆည်းပူး၍ အမှန်နှင့် အမှား ဝေဖန်ပိုင်းခြားနိုင်သော လူတော်လူကောင်းများ ဖြစ်အောင် ကြိုးစားကျင့်ကြံ နေထိုင်သွားကြရ မည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမ များနှင့် နည်းပြများအနေဖြင့် ကျောင်းသား ကျောင်းသူများအား အတွေးအခေါ် အသိအမြင်နှင့် အယူအဆကောင်းများ သိရှိ နားလည်စေရန်၊ ဗလငါးတန် နှင့် ပြည့်စုံ၍ နောင်တစ်ချိန်တွင် မိမိနိုင်ငံ၊ မိမိဒေသ တည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများတွင် နိုင်ငံတော်မှ အားကိုးအားထားပြုရမည့် နိုင်ငံ သားကောင်းရတနာများ၊ သမီး ကောင်းရတနာများ ဖြစ်အောင် လေ့လာသင်ကြား ပျိုးထောင် သွားကြရမည် ဖြစ်ပါကြောင်း မှာကြားပြီး ချီးမြှင့်ငွေများ ပေးအပ်ကာ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားသည်။

ယင်းနောက် ကျောင်းရှိ

စာသင်ဆောင်၊ အိပ်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်၊ ကျောင်းသန့်ရှင်း သာယာလှပရေး နှင့် ရာသီသီးနှံ စိုက်ပျိုးထားရှိမှု တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းရင်း သားစာပေနှင့်ယဉ်ကျေးမှု အသင်း အဖွဲ့များနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး တာဝန်ရှိသူများနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေး မှုအသင်းအဖွဲ့များ၏ တင်ပြချက် များကို ဖြည့်ဆည်းဆောင်ရွက် ပေးကာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ ငွေများ ပေးအပ်ခဲ့ကြောင်း သိရ သည်။

သတင်းစဉ်

ရှေ့နေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

ရှေ့နေများအက်ဥပဒေကို ပြင်ဆင် သည့်ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း သည့် အပြီးသတ် ညှိနှိုင်းအစည်း အဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပဒေရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥပဒေရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး၊ ဒုတိယဝန်ကြီးနှင့်ဒုတိယ ရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ပြည်ထောင်စု တရားလွှတ်တော် ချုပ် တရားသူကြီး ဒေါ်ခင်မေရှိ၊ ဥပဒေမူကြမ်းစိစစ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စု

တရားလွှတ်တော်ချုပ်ရုံး ညွှန်ကြား ရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည် ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်က အဖွင့်အမှာ စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရား သူကြီးက ရှေ့နေအဖြစ် ထုတ်ပယ် ခံရသူများက အမှုသည်များ ထံမှ ကိုယ်စားလှယ်စာယူ၍ တရားရုံးတွင် ရှေ့နေတစ်ဦး သဖွယ်လိုက်ပါဆောင်ရွက်နေခြင်း နှင့် ရှေ့နေအဖြစ် တရားရုံးပြင်ပ တွင် လုပ်ကိုင်နေခြင်းကို တားမြစ် နိုင်ရန်၊ ရှေ့နေအဖြစ် လိုက်ပါ ဆောင်ရွက်ခွင့်မရှိဘဲ အမှု ဆက်လက်လိုက်ပါ ဆောင်ရွက် နေခြင်းကို တားဆီးနိုင်ရန်၊ အမှု ပွဲစားများအပေါ် ထိရောက်သော ပြစ်ဒဏ်များချမှတ်နိုင်ရန်အတွက် ရှေ့နေများအက်ဥပဒေကို ပြင်ဆင် လိုခြင်းဖြစ်ကြောင်း ရှင်းလင်း ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီး နှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေများအား ပြင်ဆင်ပြဋ္ဌာန်း ရာ၌ ဘာသာပြန်ကော်မရှင်က မြန်မာဘာသာသို့ ဘာသာပြန် ဆိုပြီးဖြစ်ပါက မြန်မာဘာသာဖြင့် သာ ပြင်ဆင်ပြဋ္ဌာန်းရမည်ဖြစ်ပြီး သဘောထား ကွဲလွဲနိုင်သည့် အချက်များ ပေါ်ပေါက်လာမှသာ မူရင်းဥပဒေဖြစ်သည့် အင်္ဂလိပ် ဘာသာဖြင့် ရေးသားထားသော ဥပဒေအား အသုံးပြုရမည်ဖြစ် ကြောင်း၊ ရှေ့နေများအက်ဥပဒေ ကို ဘာသာပြန်ကော်မရှင်က တရားဝင် ဘာသာပြန်ဆိုပြီးဖြစ်၍ မြန်မာဘာသာပြန်ဆိုချက်ကိုပင် ပြင်ဆင်ရန်ဆွေးနွေးပြီး ပြင်ဆင် သည့် ဥပဒေ(မူကြမ်း)ပါ ပြင်ဆင် သည့်အချက်များသည် လက်တွေ့ တွင် အမှန်တကယ်လိုအပ်သော အချက်များဖြစ်ပြီး နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကို အထောက် အကူပြုနိုင်ရန်အလို့ငှာ ပြင်ဆင် ပြဋ္ဌာန်းသင့်သော ဥပဒေဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ဥပဒေ ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် စစ်တွေမြို့ရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် အစိုးရနည်းပညာအထက်တန်းကျောင်းတို့ရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၅

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိနေသော သိပ္ပံ နှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ရခိုင်ပြည်နယ် လူမှု

ရေးရာဝန်ကြီး ဦးသက်ထွန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)၌ နည်းပညာတက္ကသိုလ်(စစ်တွေ)၊ ကွန်ပျူတာ တက္ကသိုလ်(စစ်တွေ)နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း(စစ်တွေ)တို့ရှိ ကျောင်းသား ကျောင်းသူများနှင့် သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေသော သင်ကြား သင်ယူမှု အခွင့်အရေးများ မဆုံးရှုံးစေရေးနှင့် စပ်လျဉ်း၍ မှာကြားပြီး ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကား ပြောကြားသည်။

ထို့နောက် နည်းပညာတက္ကသိုလ်(စစ်တွေ)၊ ကွန်ပျူတာတက္ကသိုလ် (စစ်တွေ)နှင့် အစိုးရနည်း ပညာ အထက်တန်းကျောင်း(စစ်တွေ)တို့မှ ဒုတိယ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ စီမံခန့်ထမ်းများနှင့် တွေ့ဆုံရာ ဒုတိယပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးတို့က ကျောင်းဆိုင်ရာကိစ္စရပ်များ၊ စီမံရေးရာကိစ္စရပ်များ၊ ဘဏ္ဍာရေးရာကိစ္စရပ်များကို တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကာ စာသင်ခန်းများနှင့် ကွန်ပျူတာ ခန်းများတွင် စာတွေ့လက်တွေ့ သင်ကြားသင်ယူ ဆောင်ရွက်နေသော ကျောင်းသား ကျောင်းသူများ အား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံအားပေးစကား ပြောကြားသည်။

ယင်းနောက် နည်းပညာတက္ကသိုလ်(စစ်တွေ)၊ ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း(စစ်တွေ)တို့မှ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများထံ စားသောက်ဖွယ်ရာများ၊ ဆေးဝါးများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ရခိုင်ပြည်နယ်အတွင်း ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ

စစ်တွေ ဒီဇင်ဘာ ၁၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးမြင့်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများသည် နိုင်ငံတော်က ပေးအပ်ထားသည့် ရာထူးအဆင့်အတန်းအလိုက် နေရာဒေသအသီးသီးသို့ သွားရောက်ထမ်းဆောင်ကြရကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်ရာဒေသတွင် ဒေသကောင်းကျိုး၊ ဌာနကောင်းကျိုးအတွက် တတ်စွမ်းသရွေ့ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်စဉ်ကာလ၌လည်း ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံး ပူးပေါင်းဆောင်ရွက်ပေးသွားကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဦးစီးမှူးများက မိမိတို့ဌာနအလိုက် ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှု၊ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဝန်ထမ်းများအတွက် အခြေခံလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နယ်မြေဒေသ အခြေအနေအရ စိုက်ပျိုးနိုင်သည့် လယ်ဧကအလိုက် အထွက်နှုန်းတိုးနိုင်ရေး၊ တိုးချဲ့မွေးမြူနိုင်ရေး ပိုင်းဝန်းဆောင်ရွက်ကြရန်၊ ဌာနအလိုက် နည်းပညာဆွေးနွေးပွဲများကျင်းပကာ ဝန်ထမ်းများ အသိပညာတိုးပွားရေးအတွက် ဆောင်ရွက်သွားကြရန်နှင့် ဝန်ထမ်းများအနေဖြင့် ကျန်းမာရေးကောင်းမွန်အောင် ဂရုစိုက်နေထိုင်ကာ မိမိတို့လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြစေလိုကြောင်းနှင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် နေထိုင်သွားကြရန် ဆွေးနွေးမှာကြားပြီး စစ်တွေမြို့တွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအတွက် ချီးမြှင့်ငွေ၊ ဌာနအလိုက် အခြေခံစားသောက်ကုန်နှင့် ဆေးဝါးများကို ပေးအပ်ချီးမြှင့်သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဖြစ်စာရင်းဦးစီးဌာနရုံး၌ ပြည်နယ်ရုံးဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ တင်ထွန်း(ပြန်/ဆက်)

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ အကြိမ်(၃၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ အကြိမ်(၃၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ကျော်စိုးလင်းနှင့် ပညာရေးအဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ပညာရေးအဖွဲ့ အစည်းအဝေးကျင်းပပြီး ဘွဲ့နှင်းသဘင်ခန်းမသို့ဝင်ရောက်ကာ သတ်မှတ်နေရာများတွင် နေရာယူကြရာ မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ်၍ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ ဘာသာရပ်ဆိုင်ရာဌာနများက ဘွဲ့ယူမည့်သူများအား ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲနည်းပညာ၊ ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ၊ ခန္ဓာသန်စွမ်းမှုနည်းပညာ) ရရှိသူတို့ကို ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ ယင်းနောက် ကျောင်းအုပ်ကြီးက ဘွဲ့ရသူများအား ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင် အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာကာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အနေဖြင့် ၂၀၃၃ ခုနှစ်မှ စတင်၍ ဘွဲ့နှင်းသဘင်အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပြီး သူနာပြုပါရဂူဘွဲ့၊ ဆေးပညာသင်ကြားရေး ဘွဲ့လွန်ဒီပလိုမာ၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့နှင့် ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့၊ သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး)၊ ဆေးဘက်ဆိုင်ရာ အသံလွှဲလှိုင်းဖြင့် ရောဂါရှာဖွေခြင်းနည်းပညာဒီပလိုမာ၊ အထူးကြပ်မတ်သူနာပြုစုမှုဒီပလိုမာ၊ ခွဲစိတ်ခန်း သူနာပြုစုမှုဒီပလိုမာ၊ သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ရရှိသူတို့အား ဘွဲ့များအပ်နှင်းပေးအပ်ခဲ့သည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ရှိ စာပေသင်ကြားရေးဆိုင်ရာ အရာရှိများ၊ နိုင်ငံတကာအဆင့်မီအတတ်ပညာများ ရရှိရေးအတွက် ပြည်ပသင်တန်းများ တက်ရောက်စေလွှတ်ခဲ့ရာ သူနာပြုပါရဂူဘွဲ့နှင့် သူနာပြုမဟာသိပ္ပံဘွဲ့အတွက် ၁၉၉၈ ခုနှစ်၊ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၁ ခုနှစ်တို့တွင် ဩစတြေးလျနိုင်ငံ La Trobe တက္ကသိုလ်သို့လည်းကောင်း၊ ၂၀၂၂ ခုနှစ်တွင် သူနာပြုပါရဂူဘွဲ့အတွက် ထိုင်းနိုင်ငံ Burapha University သို့ လည်းကောင်း စေလွှတ်ပညာသင်ကြားစေခဲ့သည်။

အလားတူ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ သင်တန်းဆင်း အထက်တန်းသူနာပြုများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် လက်တွေ့သူနာပြုစုမှုသင်တန်းသို့ လည်းကောင်း၊ စင်ကာပူနိုင်ငံ National University Hospital တွင် နှလုံးရောဂါအထူးကြပ်မတ်ကုသမှု သင်တန်းသို့လည်းကောင်း၊ ထိုင်းနိုင်ငံ Ching Mai University နှင့် Mahidol University တို့တွင် သူနာပြုမဟာသိပ္ပံဘွဲ့နှင့် ဆေးဝါးမဟာသိပ္ပံဘွဲ့ သင်တန်းများသို့လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ University of Airlangga Mulyorejo Surabaya တက္ကသိုလ်တွင် သူနာပြုမဟာသိပ္ပံဘွဲ့ သင်တန်းသို့ လည်းကောင်း ပညာတော်သင်စေလွှတ်ကာ တက်ရောက်အောင်မြင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

မဲပေးပါ

- သင့်၏ ဆန္ဒနှင့်ရွေး မဲပေးပါ...။
- တိုင်းပြည်သာယာမည့်အရေး တွေး... မဲပေးပါ...။
- ပြည်သူကို အကျိုးပြုမည့်သူကိုရွေး မဲပေးပါ...။
- ဒီမိုကရေစီအရေး တွေးတတ်သူကိုရွေး မဲပေးပါ...။
- နိုင်ငံကိုအကျိုးပြု ရေးရှုသူကိုရွေး မဲပေးပါ...။
- ဒို့ပြည်သာယာရေး ညီညာစွာဖြင့်တွေး သေချာစွာရွေး မဲပေးပါ...။ ။

ကိုချမ်းမြေ့

၂၀၂၆ ခုနှစ်၊ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ပို့စကတ်ထုတ်ဝေ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာနက ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် နေ့တွင်ကျရောက်သော (၇၈) နှစ်မြောက် လွတ်လပ်ရေးအထိမ်းအမှတ်အဖြစ် ပို့စကတ်(၄)မျိုးအား စီစဉ်ထုတ်ဝေလိုက်ပါသည်။

အဆိုပါ ပို့စကတ် ၄ မျိုးအား "မာန၀ိဇယ တန်ဆောင်တိုင်ပွဲတော်၊ အလှူပွဲတော်ဆင်အဂ၊ မြန်မာ့ဆံရံဆိုင်း သမိုင်ပျိုများ၊ မန္တလေးတောင်နှင့် ကျုံးပြိုမြို့" ဓာတ်ပုံများဖြင့် ထုတ်ဝေခဲ့ပြီး ပို့စကတ်တစ်ခုလျှင် ၆၅၀ ကျပ်နှုန်းဖြင့် အဖြို့ဖြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့် မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

(၇၈)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် အန္တရာယ်ကင်းပရိတ်တရားနာယူ ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

(၇၈)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေတပ်စခန်း၌ ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ လေတပ်ကွပ်ကဲမှု ဌာနချုပ်မှူးများ၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ လေတပ်စခန်းမှူးများ၊ တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက်ရွတ်ဆိုခြင်းများ ဆောင်ရွက်ခဲ့သည်။ ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ)က စစ်ရေးပြတပ်ခွဲများအား စစ်ဆေးပြီး (၇၈)နှစ်မြောက် တပ်မတော်(လေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားခဲ့သည်။ ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်(လေ)က စစ်ရေးပြတပ်ခွဲများ၏ စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာခဲ့သည်။

အလားတူ (၇၈)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် အရာထမ်းဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားအား ၎င်းလေတပ်စခန်း၌ပင် ကျင်းပပြုလုပ်ရာ ပျဉ်းမနားမြို့ ပါဋိတက္ကသိုလ် မင်္ဂလာဇေယျကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော သံဃာတော် အရှင်သူမြတ်များက ကြွရောက်ချီးမြှင့်တော်မူကြသည်။ ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် တက်ရောက်လာသော တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များက ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး နောက် သံဃာတော်အရှင်သူမြတ်များ ရွတ်ဖွဲ့သော ချီးမြှင့်တော်မူကြသည့် တရားတော်များအား နာယူကြသည်။

ဆက်လက်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခြင်းများ ဆောင်ရွက်ကြပြီးနောက် သံဃာတော်အရှင်သူမြတ်များအား အရာထမ်းဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပဲခူးတိုင်းဒေသကြီး(အရှေ့) ဂုဏ်ပေါင်းစုံ သံဃာနာယကနှင့် ဝိနည်းဓိရိမွမ်းမံသင်တန်းဖွင့်လှစ်

ပဲခူး ဒီဇင်ဘာ ၁၅

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး၊ သာသနာတော်နှင့်အပ်စပ်သည့် ဝိနည်းခမ္မာကို ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ပိုမိုဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ပဲခူးတိုင်းဒေသကြီး(အရှေ့) ဂုဏ်ပေါင်းစုံ သံဃာနာယကနှင့် ဝိနည်းဓိရိမွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ ဗုဒ္ဓအသံ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပဲခူးမြို့ ဥဿာသီရိစာသင်တိုက် ပဓာနနာယက ဒေါက်တာဘဒ္ဒန္တသူရိယထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပဲခူးတိုင်းဒေသကြီး(အရှေ့) ဂုဏ်ပေါင်းစုံ သံဃာနာယကနှင့် ဝိနည်းဓိရိမွမ်းမံသင်တန်း အဖွင့်သာရဏီယကထာအား နာယူကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ပဲခူးတိုင်းဒေသကြီး(အရှေ့) ဂုဏ်ပေါင်းစုံ သံဃာနာယကနှင့် ဝိနည်းဓိရိ မွမ်းမံသင်တန်းဖွင့်လှစ်ရေးလုပ်ငန်း အမှုဆောင်ကော်မတီအတွင်းရေးမှူး မြို့နယ်သံဃာနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝဏ္ဏာဘိဝံသက မွမ်းမံသင်တန်းဖွင့်လှစ်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သံဃာနာယကအဖွဲ့ဥက္ကဋ္ဌ ပဲခူးမြို့ သာမဏေကျော်ပရိယတ္တိစာသင်တိုက် မဟာနာယက တိုက်အုပ် ဆရာတော် ဘဒ္ဒန္တဣန္ဒာစာရာလင်္ကာရဘိဝံသက ဂုဏ်ပေါင်းစုံသံဃာနာယကနှင့် ဝိနည်းဓိရိ မွမ်းမံသင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း လျှောက်ထားကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပဲခူးတိုင်းဒေသကြီးဂုဏ်ပေါင်းစုံ သံဃာနာယကနှင့် ဝိနည်းဓိရိမွမ်းမံ သင်တန်းဖွင့်လှစ်ခြင်း ဝိနည်းဆိုင်ရာ သံဃ့အဖွဲ့အစည်းအဆင့်ဆင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ စာအုပ်များနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြရာ ပဲခူးတိုင်းဒေသကြီး သံဃာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က လက်ခံရယူပြီး **(ဝဲပို့)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) မြို့နယ် ၁၄ မြို့နယ်မှ ဆရာတော် သံဃာတော်အပါး ၂၀၀ ကျော် တက်ရောက်လျက် ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

နွားထိုးကြီးမြို့နယ်၌ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိ

နေပြည်တော် ဒီဇင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်၌ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၀ ရက်မှစ၍ နယ်မြေမငြိမ်မသက်မှုများ စတင်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ ဖျက်ဆီးမှုကြောင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ထိခိုက်ပျက်စီးခဲ့ကာ ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

နွားထိုးကြီးမြို့နယ်အား ၂၃၀ ကေဗွီ မြင်းခြံ(သံမဏိ)–သပြေဝ ဓာတ်အားလိုင်းနှင့် ၁၃၂ ကေဗွီ သာစည်–မြင်းခြံဓာတ်အားလိုင်း တို့ဖြင့်နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားကို ၁၃၂ ကေဗွီ မြင်းခြံ ပင်မဓာတ်အားခွဲရုံမှ ၃၃ ကေဗွီ မြင်းခြံ–နွားထိုးကြီး ဓာတ်အား လိုင်းဖြင့် ဓာတ်အားရယူထားပြီး နွားထိုးကြီးမြို့ပေါ်ရှိ ရပ်ကွက်ရှစ်ရပ်ကွက်နှင့် ကျေးရွာ ၁၀ရွာအချို့အား ၃၃/၁၁ ကေဗွီ မြို့မ ထပ်ဆင့် ဓာတ်အားခွဲရုံမှ လည်းကောင်း၊ ကျန်ကျေးရွာများအား ၃၃/၁၁ ကေဗွီ ပြင်ဧည်ထပ်ဆင့်ဓာတ်အား ခွဲရုံနှင့် ဝက်လူး ထပ်ဆင့်ဓာတ်အား ခွဲရုံများမှ လည်းကောင်း၊ မြို့ပေါ် ရပ်ကွက်ရှစ်ရပ်ကွက်နှင့် ကျေးရွာ ပေါင်း ၁၈၈ ရွာမှ မီးသုံးသူဦးရေ စုစုပေါင်း ၂၇၉၃၁ ဦးအား ဓာတ်အား ဖြန့်ဖြူးပေးခဲ့ခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်ဖျက်ဆီးမှုကြောင့် ယင်းနေ့မှစတင်၍ ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့သော်လည်း တပ်မတော်လုံခြုံရေး ဆောင်ရွက်ပေးမှုကြောင့် ၂၃၀ ကေဗွီ မြင်းခြံ(သံမဏိ)–သပြေဝ ဓာတ်အားလိုင်းနှင့် ၁၃၂ ကေဗွီ သာစည်–မြင်းခြံ ဓာတ်အားလိုင်း တို့ကို လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အင်ဂျင်နီယာများ ဦးဆောင်၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၃၈ ဦးဖြင့် စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ် စက်တင်ဘာတွင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည်။

ထို့အတူ ၁၃၂ ကေဗွီ မြင်းခြံ ပင်မဓာတ်အားခွဲရုံမှ နွားထိုးကြီး မြို့သို့ ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗွီ မြင်းခြံ–နွားထိုးကြီး ဓာတ်အားလိုင်းအား ဆက်လက်ပြုပြင် ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာတွင် ပြီးစီးခဲ့ပြီး မြို့တွင်း ဖြန့်ဖြူးရေးဓာတ်အား လိုင်းများ၊ ဓာတ်အားခွဲရုံနှင့် ထရန်စဖော်မာများအား မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးဆောင်၍ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် စစ်ဆေးပြုပြင်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် နွားထိုးကြီးမြို့ပေါ် အရေးကြီးနေရာများနှင့် ဌာနဆိုင်ရာရုံးများအား ဓာတ်အား အဖြန်ရရှိနိုင်ရေး အတွက် မူလမြို့မ ဓာတ်အားခွဲရုံရှိ ပျက်စီးသွားသော ထရန်စဖော်မာအား ယာယီအစားထိုး ဆောင်ရွက်ခြင်း၊ ၃၃ ကေဗွီ မြင်းခြံ–နွားထိုးကြီး ဓာတ်အားလိုင်းအား ပြန်လည် စစ်ဆေးပြုပြင်ခြင်း၊ မြို့ပေါ် ရပ်ကွက်များရှိ ဖြန့်ဖြူးရေး ထရန်စဖော်မာအချို့အား ပြန်လည် စစ်ဆေးပြုပြင်ခြင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ စစ်ဆေးပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ဖြစ်သည့်အတွက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ မှစတင်၍ မြို့နယ် ပြည်သူ့ဆေးရုံ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားပံ့ကိုးဌာန၏ ယာယီအခြေစိုက်ရုံးများနှင့် အရေးကြီးနေရာအချို့အား ဓာတ်အား ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တစ်မြို့နယ်လုံးအနေဖြင့် ၂၅ ရာခိုင်နှုန်းခန့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဌာနဆိုင်ရာရုံးများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများကို လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေးအတွက် ပြုပြင်ရန်ကျန်ရှိသော ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

(၁၅)ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲကျင်းပ၊ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ မိသားစုက ငွေကျပ် သိန်း ၁၀၀ လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၅

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ (၁၅)ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ Dolphin Hall ၌ ကျင်းပရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ မိသားစုတို့က ငွေကျပ်သိန်း ၁၀၀ လှူဒါန်းသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ ကန်တော့ခံသက်ကြီး ဂီတပညာရှင်များနှင့် ဂီတ၊ ရုပ်ရှင်၊ စာပေ၊ သဘင်မှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်တို့က မုဒိတာစကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) အထွေထွေအတွင်းရေးမှူးက သက်ကြီးပူဇော်ပွဲအတွက် လှူဒါန်းရရှိသော အလှူငွေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှမိသားစုက လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ ကို ဒုတိယဝန်ကြီးက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌက လက်ခံရယူသည်။**(ယာပုံ)**

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ် သိန်း ၃၀ ကို ဒုတိယဝန်ကြီးကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၁၅၆ သိန်းကို တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကို တာဝန်ရှိသူ တစ်ဦးကလည်းကောင်း၊ အလှူရှင်များက အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် တက်ရောက်လာကြသူများက ကန်တော့ခံသက်ကြီး ဂီတပညာရှင်ကြီး ၁၅၆ ဦးအား ကန်တော့ကြပြီး ကန်တော့ခံပစ္စည်းများနှင့် ဂါရဝပြုဂုဏ်ပြုငွေများ ပေးအပ်ကြသည်။

ယင်းနောက် ကန်တော့ခံသက်ကြီး ဂီတပညာရှင်ကြီးများကိုယ်စား စည်သူ ဒေါ်တင်တင်မြက သြဝါဒစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၀)သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၁၅

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၀) တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီး၌ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၀) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၀)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင် ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း၌ပဒေသကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၀)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များ ကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကို လည်း ကြားသိရသည် -

(၁) ကျွန်တော်လည်း နိုင်ငံသားတစ်ယောက်အနေနဲ့ နိုင်ငံတော်ရဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရမယ်ဆိုတဲ့ ခံယူချက်နဲ့ ဒီသင်တန်းကို လာရောက် တက်ရောက်ခြင်းဖြစ်ပါတယ်။ ကျွန်တော် ကတော့ ဒီပညာရပ်တွေကို အကောင်းဆုံး ကြိုးစား သင်ယူမယ်လို့ ခံယူထားပါတယ်။ ဒီသင်တန်းမှာ သင်ပေးလိုက်တဲ့ သင်ခန်းစာတွေကို ကောင်းကောင်း အသုံးချပြီး နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင် သွားမယ်လို့ ခံယူထားပါတယ် ခင်ဗျ။

(၂) ကျွန်တော်တို့က နိုင်ငံသားဖြစ်တဲ့အတွက် ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့အညီ ဆောင်ရွက်ရမယ့် တာဝန်ဆိုတာရှိတယ်။ အဲဒီတော့ ဒီဥပဒေကလည်း ၂၀၂၄ ခုနှစ်မှာ ပြဋ္ဌာန်းထားတယ်။ ဒါကြောင့် ကျွန်တော် လာရောက်တာဝန်ထမ်းဆောင်တာ ဖြစ်ပါတယ်။ ပထမဆုံးပြောရရင် အင်မတန်မှ ဝမ်းသာမိပါတယ်။ ဘာလို့လဲဆိုတော့ ဒီသင်တန်းတွေဟာ အပြင်မှာ မဖွင့်ပါဘူး။ ကျွန်တော်တို့ ပိုက်ဆံရှိလည်း တက်လို့ မရပါဘူး။ စိတ်ဓာတ်ကြံ့ခိုင်ပြီးတော့ စိတ်လည်း တကယ်ပါမှ တက်ရောက်လို့ရမှာပါ။ ဒီသုံးလ တက်ရောက်လိုက်တာနဲ့ ကျွန်တော်တို့ အစစအရာရာ အဘက်ဘက်ကနေအကျိုးပြုပြီး ကူညီသွားမှာ ဖြစ်ပါတယ်။ ကျွန်တော် အင်မတန်ဝမ်းသာမိပါတယ်။ ကျွန်တော်တို့တွေ စည်းကမ်းတွေကို လိုက်နာရင်း ယောကျ်ားကောင်းပီသသွားတာပေါ့။ ကျွန်တော် ကိုယ်တိုင်ကလည်း ဆန္ဒနဲ့တစ်ပြေးညီ လာရောက် တက်ရောက်တာဖြစ်တဲ့အတွက် တာဝန်ထမ်းဆောင် ခြင်းမရှိသေးတဲ့ ညီအစ်ကိုတွေ၊ သူငယ်ချင်းတွေကိုလည်း လာတက်ရောက်ဖို့ ဖိတ်ခေါ်ပါတယ်။ အဆင်ပြေသွားမှာပါလို့။ ကျွန်တော်တို့က ယောကျ်ားတွေပါပဲ။ သင်တန်းဆင်းပြီးသွားရင်လည်း ဘယ်တပ်ရင်းကို တာဝန်ကျမလဲတော့ မသိဘူးပေါ့ဗျာ။ ကျွန်တော် ရထားတဲ့ အင်ဂျင်နီယာဘွဲ့နဲ့ အဲဒီတပ်မှာ အကျိုးပြုပြီးတော့ တာဝန်ထမ်းဆောင်သွားမှာ ဖြစ်ပါတယ် ခင်ဗျာ။ **သတင်းစဉ်**

မိမိသဘောဆန္ဒအလျောက် ဆန္ဒပြုစာရင်းပေးသွင်းသည့် သင်တန်းတက်ရောက်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၀) သင်တန်းဖွင့်ပွဲတွင် ကျောင်းအုပ်ကြီးက သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်။

အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံသင်တန်းကျောင်းတွင် ဖွင့်လှစ်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရွှပ်ရွှပ်ခွှံခွှံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဒီဇင်ဘာ ၁၅

ပြည်သူများအား နိုပ်စက်ညှဉ်းပန်း၍ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ချွတ်ခြုံကျစေသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သော ကျောက်ဓလို့ ဒေသတစ်ဝိုက်ရှိ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား ရွှပ်ရွှပ်ခွှံခွှံတိုက်ပွဲဝင်၍ အဆိုပါဖြို့နှင့် ဒေသတစ်ဝိုက်အား ဒေသခံပြည်သူများ၏ လက်ဝယ်သို့ ပြန်လည်အပ်နှင်းနိုင်ခဲ့သည့် အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါဖြို့နယ် နမ့်လန်ကျေးရွာအုပ်စုရှိ နယ်မြေခံတပ်ရင်း၌ ကျင်းပပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မိသားစုဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများက ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိုးဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ပြီး ရွှပ်ရွှပ်ခွှံခွှံတိုက်ပွဲဝင်၍ အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုရာတွင် တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများနှင့် ဂုဏ်ပြုပန်းများဖြင့် ကြိုဆိုဂုဏ်ပြုကြပြီး ရှမ်းအိုးစည်၊ အတီး၊ အမှုတ်၊ အက၊ အလှများ ဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆို ဂုဏ်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြောက်ဥက္ကလာပဖြို့နယ်တွင် မလေးရှားနှင့် ထိုင်း ရေပိုင်နက်သို့ ပင်လယ်ရေကြောင်းဖြင့်သယ်ဆောင်မည့် မူးယစ်မှော်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၁၃၃ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၅၈ တန်နှင့် ကက်တမင်း ၁ ဒသမ ၈ တန်ကျော်တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၅

မြောက်ဥက္ကလာပဖြို့နယ်တွင် မလေးရှားနှင့် ထိုင်းရေပိုင်နက်သို့ ပင်လယ်ရေကြောင်းဖြင့် သယ်ဆောင်မည့် မူးယစ်မှော်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၁၃၃ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၅၈ တန်နှင့် ကက်တမင်း ၁ ဒသမ ၈ တန်ကျော်တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၇ ရက် နံနက် ၆ နာရီတွင်သတင်းအရ မြောက်ဥက္ကလာပဖြို့နယ် ရွှေပေါက္ကံဖြို့သစ် (၁၉) ရပ်ကွက် ကနောင်(၁)လမ်းတွင် ရွှေမောင်ဆန်း၊ မင်းဇော်လှိုင်(ခ)မင်းဇော်၊ အောင်ကျော်မျိုး(ခ) ငပိန်၊ မောင်မောင်သန်း(ခ) ဝင်းသန်းတို့ လေးဦးကို ကက်တမင်း ၁ ဒသမ ၈ တန်ကျော်၊ HINO Box မော်တော်ယာဉ် တစ်စီး၊ MARK-X မော်တော်ယာဉ် တစ်စီး၊ LIGHT TRUCK မော်တော်ယာဉ် တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ယင်းတို့အား စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းတို့ဆက်လက်သယ်ဆောင်မည့် မြောက်ဥက္ကလာပဖြို့နယ် ရွှေပေါက္ကံဖြို့သစ် (၁၉) ရပ်ကွက်ရှိဂိုဒေါင်အား ဆက်လက်ရှာဖွေရာ ဂိုဒေါင်အတွင်းမှ အိုက်စ် (မက်သ်အဖက်တမင်း) ၁ ဒသမ ၅၈ တန်နှင့် ကက်တမင်း ၆၀ ကီလိုတို့ကို ထပ်မံသိမ်းဆည်းရမိသဖြင့် အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၅၈ တန် (၎င်းဒေသတန်ဖိုးငွေကျပ် ၃၉ ဒသမ ၅ ဘီလီယံ)နှင့် ကက်တမင်း ၁ ဒသမ ၈၈၅ တန် (၎င်းဒေသ တန်ဖိုးငွေကျပ် ၉၄ ဒသမ ၂၅ ဘီလီယံ) စုစုပေါင်း တန်ဖိုးငွေကျပ် ၁၃၃ ဒသမ ၇၅ ဘီလီယံ သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ HINO Box ယာဉ်ဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမှ မြောက်ဥက္ကလာပဖြို့နယ် ရွှေပေါက္ကံဖြို့သစ်သို့ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ခဲ့ပြီး တစ်ဆင့်လွှဲပြောင်းပေးခဲ့သည့် မြတ်မင်းကိုနှင့် ပြည့်စုံအောင်တို့ကို နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် မင်္ဂလာဒုံဖြို့နယ် နွယ်ခွေရပ်ကွက်ရှိ တည်းခိုခန်းတွင်လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မှ မြောက်ဥက္ကလာပဖြို့နယ် ရွှေပေါက္ကံဖြို့သစ်ရှိ ဂိုဒေါင်အတွင်းသို့ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ခဲ့သည့် ဇော်နိုင်ဦးနှင့် နေမင်းကျော်ထွေးတို့ကို နိုဝင်ဘာ ၂၈ ရက် ညနေ ၅ နာရီတွင် ၎င်းတို့ စိတ်ပြောင်းဆေးဝါး သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် MITSUBISHI FUSO ဆီဘောက်ဆာယာဉ် တစ်စီးနှင့်အတူ ကျောက်ဆည်ဖြို့နယ် သံရွာအနီးတွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ထပ်မံစစ်ဆေးပေါ်ပေါက်ချက်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ရန်ကုန်ဖြို့သို့ စိတ်ပြောင်းဆေးဝါးများ တာဝန်ခံသယ်ဆောင်သူ ကိုကိုကျော်ရဲနောင် ကို နိုဝင်ဘာ ၂၈ ရက် ညနေ ၆ နာရီတွင် လားရှိုးဖြို့ ရပ်ကွက်(၁၂)ရှိ ၎င်း၏နေအိမ်တွင် စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် TOYOTA LAND CRUISER ယာဉ် တစ်စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် နိုင်ဝင်းထွေး(ခ)အငယ်လေး၊ မျိုးဝင်း(ခ)မျိုးကြီးနှင့် တင်ကိုကိုလင်းတို့ကို နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီခွဲတွင် လားရှိုးဖြို့ ရပ်ကွက်(၁)၌ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်စစ်ဆေးချက်များအရ ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်ဖြို့နေ အားချန်(ဖမ်းဆီးရန်ကျန်)၊ ကိုစိုင်း(ခ)စိုင်းလေး (ဖမ်းဆီးရန်ကျန်) နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူဖြို့နယ် ဖောင်းချောင်းကျေးရွာနေ ရဲစိုးဦး (ဖမ်းဆီးရန်ကျန်)တို့၏ အစီအမံဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ စိတ်ပြောင်းဆေးဝါးများကို ရန်ကုန်ဖြို့သို့ သယ်ဆောင်ပြီး ပင်လယ်ရေကြောင်းမှတစ်ဆင့် မလေးရှားနှင့် ထိုင်းရေပိုင်နက်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိသည့် မူးယစ်မှော်ခိုဂိုဏ်းအဖွဲ့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



သတင်းစဉ်

တရားခံ ရွှေမောင်ဆန်း၊ အောင်ကျော်မျိုး(ခ)ငပိန်၊ မောင်မောင်သန်း(ခ)ဝင်းသန်း၊ မင်းဇော်လှိုင်(ခ)မင်းဇော်၊ ပြည့်စုံအောင်၊ မြတ်မင်းကို၊ နေမင်းကျော်ထွေး၊ ဇော်နိုင်ဦးတို့အား ဖမ်းဆီးရမိ စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ဖမ်းဆီးရမိ ဆီဘောက်ဆာယာဉ်အား တွေ့ရစဉ်။

ဂျပန်နိုင်ငံမြောက်ပိုင်းမှ အလယ်ပိုင်းအထိ ဆီးနှင်းများထူထပ်စွာ ကျဆင်း လေကြောင်းလိုင်းများဖျက်သိမ်းပြီး ပြည်သူများကို သတိဖြင့်နေရန် တိုက်တွန်း

တိုကျို ဒီဇင်ဘာ ၁၅

ဂျပန်နိုင်ငံမြောက်ပိုင်းမှ အလယ်ပိုင်းအထိ ဆီးနှင်းကျဆင်းမှုများ ပိုမိုပြင်းထန်လာပြီး လေပြင်းများ ပိုမိုတိုက်ခတ်လာသဖြင့် ပြည်သူများကို သတိဖြင့် နေထိုင်ရန် မိုးလေဝသအရာရှိများက သတိပေးထားသည်။

အလျင်အမြန်ဖြစ်ပေါ်လာသော လေဖိအားနည်းရပ်ဝန်းနှစ်ခုက ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း တိုဟိုကု ဒေသကို လွှမ်းခြုံဖြန့်ကြက်ထားသည်။ လေဖိအားနည်းရပ်ဝန်းများဖြစ်ပေါ်ခြင်းကြောင့် ဟော့ကိုင်ဒိုးဒေသမှ ဂျပန်နိုင်ငံအရှေ့ပိုင်းအထိ ပြင်းထန်သော လေတိုက်ခတ်မှုများကို ဖြစ်ပေါ်စေသည်။

ဟော့ကိုင်ဒိုးတောင်ပိုင်း ကိပ်အိရိမိုတွင် တစ်နာရီလျှင် လေတိုက်နှုန်း ၁၆၂ ကီလိုမီတာအထိ ရှိပြီး ဟော့ကိုင်ဒိုးအရှေ့ပိုင်း နီမူရိုမြို့တွင် တစ်နာရီလျှင် လေတိုက်နှုန်း ၁၁၁ ကီလိုမီတာအထိ တိုက်ခတ်သည်။ ရာမာဂါတာခရိုင် ဆာကာတာမြို့၌ တစ်နာရီလျှင် လေတိုက်နှုန်း ၉၇ ကီလိုမီတာရှိသည်။

ထို့အတူ ဟော့ကိုင်ဒိုး၌ နှင်းများထူထပ်စွာကျဆင်းခဲ့ပြီးနောက် ရက်အနည်းငယ်အတွင်း ယခုထက် ပိုမိုထူထပ်စွာကျဆင်းနိုင်ပြီး ဟော့ကိုင်ဒိုးအနီးဝန်းကျင်၌ နေထိုင်သော ဒေသခံများအတွက် ရာသီဥတုအခြေအနေသည် အလွန်အန္တရာယ်ရှိသော အခြေအနေသို့ ပြောင်းလဲနိုင်သည်ဟု မိုးလေဝသ အေဂျင်စီက ပြောသည်။

ဟော့ကိုင်ဒိုးရှိ ချိုတိုဆီလေဆိပ်က ဆိုးရွားသော ရာသီဥတုကြောင့် လေကြောင်းလိုင်း ၁၅၉ လိုင်းကို ဖျက်သိမ်းခဲ့မှုနှင့်အတူ ပြည်သူများကို လေကြောင်းလိုင်းနှင့်ပတ်သက်သည့် နောက်ဆုံးသတင်းအချက်အလက်များကို သေချာစွာကြည့်ရှုစစ်ဆေးရန် တိုက်တွန်းထားသည်။

အင်နန်အိတ်ချ်ကေ

ကွန်ဂိုဥ ပဋိပက္ခအတွင်း ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်သူပေါင်း ငါးသိန်းကျော်ရှိ

နိုင်ငံအရှေ့ပိုင်း တောင်ကီဗူပြည်နယ်၏ မြို့တော် ဘူဗီရာတွင် ခေတ္တနားခိုနေကြသည့် ထွက်ပြေးတိမ်းရှောင်လာသူများကို ဒီဇင်ဘာ ၁၄ ရက်က တွေ့ရစဉ်။

ကင်ရှာဆာ ဒီဇင်ဘာ ၁၅

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်း တောင်ကီဗူပြည်နယ်၌ ပဋိပက္ခဖြစ်ပွားမှုပြင်းထန်လာသောကြောင့် ဒီဇင်ဘာ ၁ ရက်မှစတင်ကာ ကလေးသူငယ် ၁၀၀၀၀၀ ကျော်အပါအဝင် လူပေါင်း ၅၀၀၀၀၀ ကျော် ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေရကြောင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေ အဖွဲ့ (ယူနီဆက်ဖ်) က ဒီဇင်ဘာ ၁၄ ရက်တွင် ပြောသည်။

တောင်ကီဗူ ပြည်နယ်၌ ပဋိပက္ခဖြစ်ပွားမှု လျင်မြန်စွာ မြင့်တက်လာမှုနှင့် ပတ်သက်ပြီး အလွန်အမင်း စိုးရိမ်ကြောင်းနှင့် ထိုကဲ့သို့ ပဋိပက္ခ ဖြစ်ပွားမှုများကြောင့် ကလေးသူငယ်နှင့် မိသားစုထောင်ပေါင်းများစွာမှာ ဘေးအန္တရာယ်ကင်းရေးအတွက် ကွန်ဂိုနိုင်ငံအတွင်းသာမက အိမ်နီးချင်း ဘူရွန်ဒီနှင့် ရဝမ်ဒါနိုင်ငံတို့သို့ ထွက်ပြေး တိမ်းရှောင်နေကြရကြောင်း ယူနီဆက်ဖ်က ပြောသည်။

ကလေးသူငယ်များကိုအကာအကွယ်ပေးရန်နှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာဥပဒေကို လေးစားလိုက်နာကြရန် ပဋိပက္ခဖြစ်ပွားမှုတွင် ပါဝင်သူအားလုံးကို ယူနီဆက်ဖ်က တောင်းဆိုထားသည်။ ပဋိပက္ခဖြစ်ပွားမှုများ ဆက်လက်ကူးစက်ပျံ့နှံ့လာသည်နှင့်အမျှ ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်သူအရေအတွက်မှာလည်း မြင့်တက်လာဖွယ်ရှိသည်ဟု ဆိုသည်။ ဆင်ဟွာ

ဓူလိုင်လမှစကာ ဆီးရီးယားဒုက္ခသည် ၃၈၀၀၀၀ နေရပ်ပြန်ဟု လက်ဘနွန် ပြော

ဘေရွတ် ဒီဇင်ဘာ ၁၅

၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း အစိုးရအစိတ်အစဉ်အရ ဆီးရီးယားဒုက္ခသည် ၃၈၀၀၀၀ မှာ မိမိတို့၏နေရပ်သို့ ပြန်လည်ရောက်ရှိလာကြောင်း လက်ဘနွန်က ဒီဇင်ဘာ ၁၅ ရက်တွင် ကြေညာသည်။

အဆိုပါ နေရပ်ပြန်လာသူများကို ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီ၏ မှတ်ပုံတင်အချက်အလက်များမှ ဖယ်ရှားပေးခဲ့ကြောင်း လူမှုရေးရာဝန်ကြီး ဟန်နင်ဆာယက်က လူမှုကွန်ရက်မီဒီယာပလက်ဖောင်း X တွင် ပြောကြားသည်။ ယခုနှစ်ကုန်မတိုင်မီ နောက်ထပ် ဒုက္ခသည် ၇၄၀၀၀ မှာလည်း နေရပ်ပြန်ရန်ရည်ရွယ်ထားကြောင်း သိရသည်။

ကမ္ဘာ့ဒုက္ခသည်ဦးရေအများဆုံးရှိသည့် နိုင်ငံများထဲမှ တစ်ခုဖြစ်သည့် လက်ဘနွန်နိုင်ငံသည် ဆီးရီးယားဒုက္ခသည် နှစ်သန်းကျော်ရှိနေခြင်းမှာ ၎င်းတို့၏ ပြည်သူ့ဝန်ဆောင်မှုများ၊ စီးပွားရေးနှင့် လူမှုရေးရာ ပေါင်းစည်းညီညွတ်မှုကို ထိခိုက်စေကြောင်း သိရသည်။

မကြာသေးမီနှစ်များအတွင်း လက်ဘနွန်အစိုးရသည် အမျိုးသားဦးစားပေးတစ်ရပ်အဖြစ် ဒုက္ခသည်များ ပြန်လာရေးအတွက် တိုက်တွန်းထားသည်။ ဆင်ဟွာ

သီရိလင်္ကာ၌ မုန်တိုင်းဒီဝါတိုက်ခတ်မှု ဖြစ်ပွားပြီးနောက် ခရီးသွားနေရာအများစု ပြန်လည်ဖွင့်လှစ်မည်

ကိုလံဘို ဒီဇင်ဘာ ၁၅

သီရိလင်္ကာအာဏာပိုင်များသည် ခရီးသွားရာသီ နီးကပ်လာသည်နှင့်အမျှ ဆိုင်ကလုန်းမုန်တိုင်းဒီဝါကြောင့် ထိခိုက်ခဲ့ရသော ခရီးသွားလုပ်ငန်းကို ပြန်လည်ဖော်ဆောင်ရန် ခရီးသွားနေရာအများစုကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဖော်ဆောင်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သော မြေပြိုကျမှုအန္တရာယ်နှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများကြောင့် ယာယီပိတ်ထားခဲ့ရသည့် ရုက္ခဗေဒဥယျာဉ်ကို မကြာမီ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သတင်းထောက်များကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဒုတိယဝန်ကြီး အန်တွန်ဂျေယာကိုဒီက ပြောကြားသည်။

သီရိလင်္ကာခရီးသွားလုပ်ငန်း တာဝန်ရှိသူများသည် ဒစ်ဂျစ်တယ်ပလက်ဖောင်းများမှတစ်ဆင့် နိုင်ငံ၏ထိပ်တန်းရင်းမြစ် ၁၀ ခုမှ ခရီးသွားများကို ဦးတည်ကာ "သီရိလင်္ကာအဆင်သင့်ဖြစ်ပြီ" ဟူသော ခေါင်းစဉ်အောက်၌ ဈေးကွက်ရှာဖွေရေးလှုပ်ရှားမှုတစ်ရပ်ကို စတင်ခဲ့သည်။

သီရိလင်္ကာနိုင်ငံသို့ ဒီဇင်ဘာ ၁ ရက်မှ ၁၁ ရက်အတွင်း နိုင်ငံတကာ ခရီးသွား ၇၀၀၀ ကျော် ဝင်ရောက်မှုရှိခဲ့ကြောင်း နောက်ဆုံးတရားဝင် ထုတ်ပြန်ထားသော အချက်အလက်များအရ သိရသည်။ ဆင်ဟွာ

မော်ရိုကိုနိုင်ငံ၌ ရေကြီးနစ်မြုပ်မှုကြောင့် သေဆုံးသူပေါင်း ၄၁ ဦးရှိ၊ ပြည်နယ်လေးခုရှိ ကျောင်းများကိုပိတ်ထားရ

ရာဘတ် ဒီဇင်ဘာ ၁၅

မော်ရိုကိုနိုင်ငံ၌ ဒီဇင်ဘာ ၁၄ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရုတ်တရက် ရေကြီးနစ်မြုပ်မှုဖြစ်ပွားသဖြင့် လူ ၄၁ ဦးထက်မနည်း သေဆုံးကြောင်း အာဏာပိုင်များက ဒီဇင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

အတ္တလန္တိတ် ကမ်းရိုးတန်းပြည်နယ်ရှိ ဆာဖီမြို့၌ ရေကြီးမှုကြောင့် သေဆုံးသူပေါင်း ၃၇ ဦးရှိပြီး ဒဏ်ရာရရှိသူ ၁၄ ဦးမှာ ဒေသဆိုင်ရာဆေးရုံများ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

မော်ရိုကိုနိုင်ငံ ဆာဖီမြို့၌ တစ်နာရီခန့်အကြာဖြစ်ပွားသည့် ပြင်းထန်သည့် မိုးသက်မုန်တိုင်းကြောင့် ရေကြီးမှုဖြစ်ပွားရခြင်းဖြစ်ကြောင်း၊ ယင်းမြို့ရှိ ဒါဇင်နှင့်ချီသည့် အိမ်များနှင့် ဈေးဆိုင်များမှာလည်း ရေနစ်မြုပ်သွားပြီး ယာဉ်များမှာလည်း တိမ်းမှောက်ခြင်း သို့မဟုတ် မျောပါခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း၊ လမ်းများမှာလည်း ပျက်စီးသွားသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ ဆိုးရွားစွာဖြစ်ပေါ်စေခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

မော်ရိုကိုနိုင်ငံ၌ လာမည့်ရက်များအတွင်း မိုးသည်းထန်စွာ ပိုမိုရွာသွန်းမည်ဟု အာဏာပိုင်များက ခန့်မှန်းထားပြီး ဒီဇင်ဘာ ၁၅ ရက်အထိ ပြည်နယ်လေးခုရှိ ကျောင်းများကို ပိတ်ထားခဲ့သည်။

ဆင်ဟွာ

မြဝတီမြို့၌ မြန်မာ-တရုတ်-ထိုင်း ကိုယ်စားလှယ်သုံးဖွဲ့ တွေ့ဆုံပြီး အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေး ဆွေးနွေးညှိနှိုင်း

နေပြည်တော် ဒီဇင်ဘာ ၁၅

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ်-ထိုင်းသုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကိုလည်း စဉ်ဆက်မပြတ် တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီမှ တွဲဖက်အတွင်းရေးမှူး(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂)၊ ရဲဗိုလ်ချုပ်မျိုးမင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများသည် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်မှုအား လေ့လာရန် ရောက်ရှိလာကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန လက်ထောက်ဝန်ကြီး Mr. Liu Zhong Yi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ Office of Assistant Commissioner General မှ Pol.Lt. Gen. Jirabhop Bhuridej နှင့် ကိုယ်စားလှယ်အဖွဲ့အား မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတား၌ ကြိုဆိုကြသည်။

နံနက် ၈ နာရီတွင် မြန်မာ-တရုတ်-ထိုင်းကိုယ်စားလှယ်သုံးဖွဲ့တို့သည် မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားမှ KK Park နယ်မြေသို့ ထွက်ခွာခဲ့ပြီး KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံများ ဖြိုချဖျက်ဆီးထားမှုများကို ကြည့်ရှုစစ်ဆေးကာ

မြန်မာ- တရုတ်-ထိုင်း သုံးနိုင်ငံကိုယ်စားလှယ်အဖွဲ့ KK Park နယ်မြေသို့ ရောက်ရှိလေ့လာမှုကို တွေ့ရစဉ်။

မြဝတီမြို့သို့ ပြန်လည်ထွက်ခွာကြသည်။

မွန်းလွဲပိုင်းတွင် မြဝတီမြို့မှ ရွှေကုက္ကိုလ်နယ်မြေသို့ ဆက်လက်ထွက်ခွာကြပြီး တရားမဝင်နိုင်ငံခြားသားများထားရှိရာ အဆောက်အအုံများနှင့် မိုင်းခွဲဖျက်ဆီးထားသော ရထိုက်ကုမ္ပဏီပိုင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်ခဲ့သည့် အဆောက်အအုံများကို လှည့်လည်ကြည့်ရှု၍ ရွှေကုက္ကိုလ်မှ မြဝတီမြို့သို့ ပြန်လည်ထွက်ခွာရာ မြဝတီမြို့ရှိ နယ်ခြားစောင့်တပ် (BGF) လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကွပ်ကဲရေးရုံးသို့ ရောက်ရှိပြီး ယင်းနေရာတွင် ထိန်းသိမ်းထားရှိသည့် တရုတ်နိုင်ငံသားများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် သုံးနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတား အစည်းအဝေးခန်းမ၌ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးဆိုင်ရာ Myanmar-China-Thailand Tri-lateral meeting for Combating Telecom Fraud and Online Gambling ညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

အစည်းအဝေးတွင် မြဝတီဒေသရှိ အွန်လိုင်းလိမ်လည်မှု (Telecom Fraud)များ ကင်းစင်ပျောက်သည်အထိ ရှင်းလင်းဆောင်ရွက်ရေးနှင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဆက်စပ်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာတွင် အဆင်ပြေချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြကာ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၅ လုံး ထပ်မံဖြိုချဖျက်ဆီး၊ မြဝတီမြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများမရှိစေရေး ဆက်လက်ရှာဖွေစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၅

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဝိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်အဆောက်အအုံ နှစ်လုံး၊ နှစ်ထပ်အဆောက်အအုံ ၁၃ လုံး၊ စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၅ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၄၄၄ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အဝိုင်း(၃)အား ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။

ထို့ပြင် မြဝတီမြို့ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသားများကို လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်နှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်း ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည့် အီသီယိုးပီးယား နိုင်ငံသား ၄၅ ဦး၊ ယူဂန်ဒါနိုင်ငံသား ၃၉ ဦး၊ သီရိလင်္ကာနိုင်ငံသား ၂၅ ဦး၊ ဘူရွန်ဒီနိုင်ငံသားခြောက်ဦး၊ ရဝမ်ဒါနိုင်ငံသား သုံးဦး၊ ဆီးရီးယား လီယွန်နိုင်ငံသားသုံးဦး၊ ကင်မရွန်းနိုင်ငံသား နှစ်ဦး၊ မွန်ဂိုလီးယားနိုင်ငံသားတစ်ဦး၊ မော်ရိုကိုနိုင်ငံသား တစ်ဦး၊ ကင်ညာနိုင်ငံသား တစ်ဦး၊ အီဂျစ်နိုင်ငံသားတစ်ဦး၊ စုစုပေါင်း ၁၂၇ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် တရားမဝင်ပြည်ပနိုင်ငံသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ကိုကောင်းမွန်စွာထိန်းသိမ်းထားရှိကြောင်း သိရှိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသ တစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ငါးထပ်အဆောက်အအုံလေးလုံး ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး အဆိုပါအဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှု ပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် တရားမဝင်နိုင်ငံသားများ တွေ့ရှိခြင်းမရှိကြောင်း သိရသည်။

ယင်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေတွင် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်း မရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



KK Park နယ်မြေအဝိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံကို တွေ့ရစဉ်။

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် မြန်မာနိုင်ငံကိုယ်စားပြု နပန်းအားကစားသမားများ ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဒီဇင်ဘာ ၁၅

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် မြန်မာနိုင်ငံ ကိုယ်စားပြု နပန်းအားကစားသမားများသည် ထိုင်းနိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်မည့် နောက်ဆုံးအားကစားအဖွဲ့အဖြစ် ယနေ့တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ထိုင်းနိုင်ငံ ချန်ဘူရီမြို့၌ နပန်းအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ပြိုင်ပွဲကို နိုင်ငံခြားသားနည်းပြတစ်ဦး၊ မြန်မာနည်းပြတစ်ဦး၊ အုပ်ချုပ်သူတစ်ဦး၊ အမျိုးသားကစားသမားငါးဦးနဲ့ အမျိုးသမီးကစားသမားသုံးဦး စုစုပေါင်း ၁၁ ဦးနဲ့ သွားရောက်ယှဉ်ပြိုင်ကြမှာပါ။ နပန်းအားကစားပြိုင်ပွဲမှာ Grecoroman နဲ့ Free style အားကစားနည်း နှစ်မျိုးစလုံးမှာ ယှဉ်ပြိုင်သွားမှာပါ။ ဆီးဂိမ်းပြိုင်ပွဲအတွက် အားလုံးအသင့်ဖြစ်နေပါပြီ။ ပြိုင်ပွဲအတွက် အားကစားသမား အဟောင်းတွေနဲ့ မျိုးဆက်သစ်တွေကို ရွေးချယ်ခဲ့ပြီး နပန်းအားကစားအဖွဲ့ချုပ်ရဲ့ အစီအစဉ်နဲ့ ဇြေလမှာ စခန်းသွင်း လေ့ကျင့်ခဲ့ပါတယ်။ အောက်တိုဘာလ အိန္ဒိယနိုင်ငံမှာ လေ့ကျင့်ခဲ့တာကြောင့် စိတ်ပိုင်းဆိုင်ရာနဲ့ လေ့ကျင့်ရေးပိုင်းတွေမှာ အားလုံးတက်တက်ကြွကြွနဲ့ အသင့်ဖြစ်နေပြီလို့ ပြောရမှာပါ။ နောက်ဆုံးပိတ်အိတ်နဲ့လွယ်ဆိုသလို နပန်းအားကစားအနေနဲ့ နောက်ဆုံးအဖွဲ့ဖြစ်ပေမယ့် ရွေရအောင်ယူခဲ့ပါ့မယ်"ဟု နိုင်ငံကိုယ်စားပြု နပန်းအားကစားအဖွဲ့ အုပ်ချုပ်သူ ဒေါ်သီတာမွန်က ပြောသည်။

နိုင်ငံကိုယ်စားပြု အမျိုးသားအားကစားသမားများ အနေဖြင့် Grecoroman နှင့် Free style အားကစားနည်း နှစ်မျိုးစလုံးတွင် လည်းကောင်း၊ အမျိုးသမီး အားကစားသမားများ အနေဖြင့် Free style အားကစားနည်းတွင် လည်းကောင်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပြိုင်ပွဲအတွက် မြန်မာနိုင်ငံမှာသာမက အိန္ဒိယနိုင်ငံမှာ အိန္ဒိယနည်းပြနဲ့ မြန်မာနည်းပြတွေ စုပေါင်းပြီး ပြင်းပြင်းထန်ထန် လေ့ကျင့်ပြီးပါပြီ။ ဂျူဒိုမှာလည်း အတွေ့အကြုံရှိပြီး ဖြစ်တဲ့အတွက် နပန်းနည်းစနစ်နဲ့ ပေါင်းပြီး အကောင်းဆုံး ကြိုးစားပါမယ်။ Free style အားကစားနည်း 53 kg တန်းမှာ ဝင်ရောက်ယှဉ်ပြိုင်ရမှာပါ။ တစ်ဖက်ကစားသမားတွေရဲ့ အနေအထားကိုလည်း လေ့လာထားပါတယ်။ ပြိုင်ပွဲဆိုတာ အနိုင်အချဲ့ရှိပေမယ့် အကောင်းဆုံးပြိုင်ပွဲဝင်ပြီး ရွေရမယ်လို့ မှန်းထားပါတယ်" ဟု နိုင်ငံကိုယ်စားပြု နပန်းအားကစားသမား မခင်ခင်စုက ပြောပြသည်။

ပြီးခဲ့သည့် အားကစားပြိုင်ပွဲ

နပန်းအားကစားအုပ်ချုပ်သူ ဒေါ်သီတာမွန်

နှစ်ကြိမ်တွင် နပန်းအားကစား အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိခဲ့သော်လည်း ယခုနှစ် ပြိုင်ပွဲအတွက် ကစားသမားဟောင်းများနှင့် မျိုးဆက်သစ်များကို စနစ်တကျစုစည်းကာ လေ့ကျင့်မှုများစွာ ဆောင်ရွက်ထားကြောင်း နပန်းအားကစားအဖွဲ့မှ သိရသည်။

"ကျွန်တော်က Grecoroman အားကစားနည်းမှာ 97 kg တန်းကနေ ယှဉ်ပြိုင်သွားမှာပါ။ နိုင်ငံခြားနည်းပြတွေနဲ့ အကောင်းဆုံး

မခင်ခင်စု

လေ့ကျင့်ထားတဲ့အပြင် အိန္ဒိယမှာ ကမ္ဘာ့ချန်ပီယံတွေနဲ့ လေ့ကျင့်ထားတဲ့အတွက် ယုံကြည်မှုရှိပါတယ်။ အဓိကယှဉ်ပြိုင်ရမှာက ဗီယက်နမ်နဲ့ အင်ဒိုနီးရှားပါ။ ဒီဇင်ဘာ ၁၇ ရက်မှာ ယှဉ်ပြိုင်ရမှာ ဖြစ်တဲ့အတွက် အကောင်းဆုံး ပြင်ဆင်ထားပြီး အမြင့်ဆုံးဖြစ်တဲ့ ရွှေတံဆိပ်ဆုကို မှန်းထားပါတယ်" ဟု နပန်းအားကစားသမား ကိုဇော်ဇော်အောင်က ပြောသည်။

ယနေ့တွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား

မောင်ဇော်ဇော်အောင်

ပြိုင်ပွဲသို့ ဖိတ်ကြားခံ ပုဂ္ဂိုလ်အဖြစ် တက်ရောက်မည့် မြန်မာနိုင်ငံ အမျိုးသား အိုလံပစ်ကောင်စီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းတို့ ခေါင်းဆောင်သော အုပ်ချုပ်မှုအဖွဲ့သည် နိုင်ငံကိုယ်စားပြု နပန်းအားကစားအဖွဲ့နှင့်အတူ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့် အတူတကွ ထွက်ခွာသွားကြောင်း သိရသည်။

ဓာတ်ပုံ - ဇွဲမာန် - သစ္စာ(MNA)

❑ *ကျောဖုံးမှ*

ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးများသည် တာဝန်ရှိသူများနှင့်အတူ ဘန်ကောက်မြို့ရှိ Shooting Range, Sports Authority of Thailand, Bangkok ၌ ကျင်းပလျက်ရှိသည့် သေနတ်ပစ်အားကစားနည်းအမျိုးသား၊ အမျိုးသမီး ၁၀ မီတာ (Air Pistol) လေပစ္စတိုပြိုင်ပွဲတွင် မြန်မာအသင်းမှ ရဲထွန်းနောင်နှင့် ခိုင်ခိုင်ဝေတို့အတွဲ တတိယလုပြိုင်ပွဲ ယှဉ်ပြိုင်နေမှု၊ ဘန်ကောက်မြို့ရှိ Thunder Dome Muang Thong Thani, Nothaburi ၌ ကျင်းပလျက်ရှိသည့် ဘိလိယက်နှင့်စနူကာ အားကစားနည်း အမျိုးသား Snooker တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာအသင်းမှ ဘုန်းမြင့်ကျော်နှင့် အင်ဒိုနီးရှားအသင်းမှ Dhendy Kristanto တို့၏ ယှဉ်ပြိုင်နေမှုနှင့် ဘန်ကောက်မြို့ရှိ Chaeng Watt Hana Government Conplex (Multi-Purpose A rea, 2nd Floor, Rat-thaprasanab Hakti Building ၌ ကျင်းပလျက်ရှိသည့် ဝူဏူး အားကစားနည်းမှ မြန်မာအားကစားသမားများ၏ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မြန်မာအသင်းအနေဖြင့် ယနေ့ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် ရေကူးအားကစားနည်း အမျိုးသား ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲများ၊ ခရစ်ကက်အားကစားနည်း အမျိုးသမီး T20i ပြိုင်ပွဲ၊ မြားပစ်အားကစားနည်း အမျိုးသား၊ အမျိုးသမီး Compound တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း အားကစားနည်း အမျိုးသား+အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲများ၊ သေနတ်ပစ်အားကစားနည်း အမျိုးသား+အမျိုးသမီး ၁၀ မီတာ (Air Pistol) လေပစ္စတိုပြိုင်ပွဲ၊ ဘော်လီဘော အမျိုးသားပြိုင်ပွဲ၊ ပန်ကြပ်ဆီလပ်အားကစားနည်း အမျိုးသား၊ အမျိုးသမီး ၆၅-၇၀၊ ၅၅-၆၀၊ ၇၅-၈၀၊ ၈၅-၉၀၊ ကီလိုတန်းပြိုင်ပွဲများ၊ ဘိလိယက်နှင့်စနူကာ အားကစားနည်း အမျိုးသား Snooker တစ်ဦးချင်းပြိုင်ပွဲ၊ ကဘာဒီ အားကစားနည်း အမျိုးသား Super five ပြိုင်ပွဲ၊ ကစ်ဘောင်ဆင့် အမျိုးသမီး K1-52 kg ပြိုင်ပွဲနှင့် Point Fighting -50 kg ပြိုင်ပွဲ၊ ဖူဆယ် အမျိုးသမီးပြိုင်ပွဲ၊ ပြေးခုန်ပစ်အားကစားနည်း အမျိုးသား လုံတံပစ်ပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး မီတာ ၈၀၀ ပြိုင်ပွဲ၊ ဘတ်စကက်ဘော အားကစားနည်း အမျိုးသား ငါးယောက်တွဲပြိုင်ပွဲ၊ ဝူဏူးအားကစားနည်း အမျိုးသား၊ အမျိုးသမီး နန်းကွန်း၊ ထိုက်ကျိကျန့်၊ အတွဲအတိုက် (လက်နက်)၊ အတွဲအတိုက်(လက်နက်မဲ့)နှင့် ဆန်းဆိုအမျိုးသမီး ၅၆၊ ၆၀ ကီလိုတန်းပြိုင်ပွဲများ၊ မွေအားကစားနည်း -၅၄ နှင့် -၇၁ ကီလိုတန်းပြိုင်ပွဲ၊ E-Sports အားကစားနည်း အမျိုးသားအသင်းလိုက်(MLBB) ပြိုင်ပွဲ၊ စစ်တုရင်အားကစားနည်း ထိုင်းရိုးရာစစ်တုရင်အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသမီးအသင်းလိုက် လေးယောက်တွဲ အမြန်ပြေးပြိုင်ပွဲ၊ လေ့လော့အားကစားနည်း အပြည်ပြည်ဆိုင်ရာလေ့ အမျိုးသမီး ကမ်းရိုးတန်း၊ ကမ်းခြေ တစ်ယောက်လော့ နှစ်တက်ပေါင်း ရှစ်တက်လော့ပြိုင်ပွဲ၊ အမျိုးသား နှစ်ယောက်လော့ နှစ်တက်ပေါင်း လေးတက်လော့ပြိုင်ပွဲနှင့် အမျိုးသမီး လေးယောက်လော့ နှစ်တက်ပေါင်း ရှစ်တက်လော့ပြိုင်ပွဲ၊ အလေးမအားကစားနည်း အမျိုးသား ၇၉ ကီလိုပြိုင်ပွဲနှင့် အမျိုးသမီး ၆၃ ကီလိုပြိုင်ပွဲနှင့် ရွက်လှေအားကစားနည်း Keel SSL 47 ပြိုင်ပွဲ၊ ဟော်ကီအားကစားနည်း အမျိုးသား ကွင်းပြင်ဟော်ကီပြိုင်ပွဲများတွင် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဝူဏူးအားကစားနည်း အမျိုးသား သွေ့လျန်(လက်နက်မဲ့)ပြိုင်ပွဲတွင် တင့်ထူးဝေနှင့် ရဲရင့်ထွန်းတို့ အတွဲက ငွေတံဆိပ်ဆု၊ အမျိုးသမီး သွေ့လျန်(လက်နက်)ပြိုင်ပွဲတွင် ခိုင်စန္ဒာစိုးနှင့် သုပန်ထွာတို့အတွဲက ကြေးတံဆိပ်ဆု၊ ဆန်းဆို အမျိုးသမီး ၆၀ ကီလိုပြိုင်ပွဲတွင် နှင်းနုဝါက ငွေတံဆိပ်ဆု၊ အမျိုးသမီး ၅၆ ကီလိုတန်းပြိုင်ပွဲတွင် ချယ်ရီသန်းက ငွေတံဆိပ်ဆုများ မြန်မာနိုင်ငံအတွက် ရယူပေးနိုင်ခဲ့သည်။

ယမန်နေ့ပြိုင်ပွဲများဖြစ်သည့် ပြေးခုန်ပစ်အားကစားနည်း အမျိုးသား ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲတွင် မြန်မာအသင်းမှ နိုင်လင်းထွန်းသည် ထိုင်း၊ မလေးရှား၊ လာအိုနှင့် ဖိလစ်ပိုင်အသင်းတို့နှင့် ယှဉ်ပြိုင်ခဲ့ရာ စံချိန် ၁:၃၇.၅၅ စက္ကန့်ဖြင့် မြန်မာနိုင်ငံအတွက် ငွေတံဆိပ် ဆုကို လည်းကောင်း၊ အမျိုးသမီး ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲတွင် မြန်မာအသင်းမှ ဇင်မေထက်သည် အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်အသင်းတို့နှင့်ယှဉ်ပြိုင်ခဲ့ရာ စံချိန် ၁:၄၇.၄၁ စက္ကန့်ဖြင့် မြန်မာနိုင်ငံအတွက် ငွေတံဆိပ်ဆုကိုလည်းကောင်း၊ ရွက်လှေအားကစားနည်းမှ Boy's ILCA 4.7 ပြိုင်ပွဲတွင် ခွန်ထွန်းဦးက မြန်မာနိုင်ငံအတွက် ကြေးတံဆိပ်ဆုကိုလည်းကောင်း ထပ်မံဆွတ်သူးရယူပေးနိုင်ခဲ့သည်။

မြန်မာအားကစားအဖွဲ့အနေဖြင့် ဒီဇင်ဘာ ၁၅ ရက် ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် ဝူဏူးအားကစားနည်း သွေ့လျန်(လက်နက်မဲ့)ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် တင့်ထူးဝေနှင့်ရဲရင့်ထွန်းတို့အတွဲ၊ ဆန်းဆို အမျိုးသမီး ၆၀ ကီလိုပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် နှင်းနုဝါနှင့် အမျိုးသမီး ၅၆ ကီလိုတန်းပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် ချယ်ရီသန်းတို့ကို ဒုတိယဝန်ကြီး ဦးထိန်လင်းက ငွေတံဆိပ်ဆုအတွက် USD $ 200 နှင့် ကြေးတံဆိပ်ဆုအတွက် USD $ 100 ၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက အားကစားအောင်နိုင်ရေးအတွက် ဂုဏ်ပြုချီးမြှင့်သည့် ထိုင်းဘတ်ငွေ 10000၊ မြန်မာနိုင်ငံ ဝူဏူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာက ငွေတံဆိပ်ဆုရရှိသည့်အတွက် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၈၀၊ ကြေးတံဆိပ်ဆုရရှိသည့်အတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၅၀ နှင့် နည်းပြများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀ တို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဒီဇင်ဘာ ၁၅ ရက် ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ် ၁၇ ခု၊ ကြေးတံဆိပ် ၂၂ ခု စုစုပေါင်း ဆုတံဆိပ် ၄၂ ခုဖြင့် နိုင်ငံအလိုက် အဆင့် ၇ တွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

၁၅-၁၂-၂၀၂၅

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	ထိုင်း	၁၄၅	၈၇	၆၀	၂၉၂
၂	အင်ဒိုနီးရှား	၅၂	၆၅	၆၄	၁၈၁
၃	ဗီယက်နမ်	၄၀	၄၇	၇၀	၁၅၇
၄	စင်ကာပူ	၃၄	၃၂	၃၉	၁၀၅
၅	မလေးရှား	၂၆	၂၈	၈၀	၁၃၄
၆	ဖိလစ်ပိုင်	၂၅	၃၈	၇၉	၁၄၂
၇	မြန်မာ	၃	၁၇	၂၂	၄၂
၈	လာအို	၂	၆	၁၆	၂၄
၉	ဘရူနိုင်း	၁	၃	၄	၈
၁၀	တီမော	၀	၀	၂	၂

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများအား အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၅

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမှုကိုပျက်ပြားစေရန်ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာနေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပို့စတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၁ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက်နေ ပြည်သူ့ရှေ့ဆောင်ပါတီ(PPP)မှ လွတ်တော်ကိုယ်စားလှယ်လောင်း ဦးအေးချို အသုံးပြုသည့် Facebook အကောင့်သို့ အခြားအကောင့်များဖြင့် Voice Call ခေါ်၍ "ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ပါက သတ်ပစ်မည်" ဟု ခြိမ်းခြောက်ခြင်း၊ နိုဝင်ဘာ ၂၈ ရက်တွင် ဦးအေးချို အသုံးပြုသည့် Facebook အကောင့်သို့ "ကောင်းကင်ပြာ" Facebook အကောင့်မှ ခြိမ်းခြောက်ငွေတောင်းခံခြင်း၊ ဖုန်းအမှတ် 09-782682157 ဖြင့် ဦးအေးချိအား ဆက်သွယ်ကာ 09-255597009 Mg Kyaw Thet KBZ Pay သို့ ငွေကျပ်ငါးသိန်းလွှဲပေးရန်နှင့် ငင်းငွေအား မပေးပါက ဦးအေးချိအား မဲဆွယ်စည်းရုံးခြင်းမပြုနိုင်စေရန် လူမှုကွန်ရက်စာမျက်နှာပေါ် ရေးသားလွှင့်တင်သွားမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခြင်း၊ ဒီဇင်ဘာ ၂ ရက်တွင် ဦးအေးချိထံသို့ ဖုန်းအမှတ် 09-978742827 ဖြင့်ထပ်မံဆက်သွယ်လာပြီး ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့သဖြင့် "ကောင်းကင်ပြာ" Facebook အကောင့်၊ ဖုန်းအမှတ် 09-782682157၊ 09-255597009 Mg Kyaw Thet KBZ Pay အကောင့်နှင့် ဖုန်းအမှတ် 09-978742827 ပိုင်ရှင်(စိစစ်ဆဲ)တို့အား ဒီဇင်ဘာ ၉ ရက်တွင် တာမွေဖြို့မရဲစခန်း (ပ)၃၇၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း၊

အလားတူ နိုဝင်ဘာ ၂၅ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့၌ ၎င်းတို့အခေါ် ကရင်နီပြည်လူငယ်များသမဂ္ဂ(UKSY)မှ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို အများပြည်သူအထင်အမြင် လွဲမှားစေရန် ရေးသားထားသည့် စာသားများအား ကိုင်ဆောင်ကာ ရွေးကောက်ပွဲအား ဆန့်ကျင်ဆန္ဒပြခဲ့ကြောင်း စီစစ်တွေ့ရှိရသဖြင့် ကရင်နီပြည်လူငယ်များသမဂ္ဂ (UKSY)မှ တာဝန်ရှိသူများအား ဒီဇင်ဘာ ၁၀ ရက်တွင် လွိုင်ကော်မြို့မရဲစခန်း (ပ)၂၅၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း၊

ထို့ပြင် ဒီဇင်ဘာ ၅ ရက် ညနေ ၄ နာရီတွင် ကချင်ပြည်နယ် ရွှေကူမြို့ တံုးပုံကျေးရွာနေ အခြေခံပညာမူလတန်းကျောင်း(တံုးပုံ)မှ လက်ထောက်မူလတန်းပြဆရာမ ဒေါ်ဇင်ဇင်မြင့် (၃၇)နှစ်သည် တံုးပုံကျေးရွာနှင့် နုတ်ချိကျေးရွာကြားရှိ ယာခင်းတဲ၌ ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမား နှစ်ဦး(စိစစ်ဆဲ) ရောက်ရှိလာပြီး ၎င်းနှင့်အတူ အခြေခံပညာမူလတန်းကျောင်း (တံုးပုံ)မှ ဆရာ/ဆရာမများအား လုံး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ခြင်း မပြုရန် ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် အဆိုပါ PDF အမည်ခံအကြမ်းဖက်သမား နှစ်ဦး(စိစစ်ဆဲ)အား ဒီဇင်ဘာ ၈ ရက်တွင် ရွှေကူမြို့မရဲစခန်း(ပ)၁၂/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း၊

ယင်းအပြင် ဒီဇင်ဘာ ၆ ရက်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၃) ရပ်ကွက် လွယ်မွေလမ်းနှင့် မီးစက်လမ်း ထောင့်၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဗိနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသူ(စိစစ်ဆဲ)အား ဒီဇင်ဘာ ၈ ရက်တွင် ကျိုင်းတုံမြို့မရဲစခန်း (ပ)၂၀၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း၊

ထို့အတူ ဒီဇင်ဘာ ၉ ရက်တွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာနေ ပင်လုံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးချစ်ထွေးသည် နေအိမ်၌ ရှိနေစဉ် ၎င်း၏လက်ကိုင်ဖုန်းသို့ KIO လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့မှ အရာရှိအဆင့်ရှိ ဇော်မိုင်ဆိုသူမှ ဖုန်းအမှတ် 09-678735668 ဖြင့်ခေါ်ဆို၍ ပင်လုံကျေးရွာအုပ်စု မြို့နယ်သာယာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ မဲရုံဖွင့်လှစ်ထားခြင်းအား မပြုလုပ်ရန်နှင့် ဆက်လက်ပြုလုပ်ပါက ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နေထိုင်ရန် ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် KIO လက်နက်ကိုင် သောင်းကျန်းသူ အဖွဲ့မှ ဇော်မိုင်အား ဒီဇင်ဘာ ၁၂ ရက်တွင် မိုးညှင်းမြို့မရဲစခန်း(ပ)၁၇၂/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း၊

အလားတူ ဒီဇင်ဘာ ၁၀ ရက် ညနေ ၅ နာရီတွင် ရွှေကူမြို့နယ် ရွှေဝဲကုန်းကျေးရွာနေ အခြေခံပညာအထက်တန်းကျောင်း(ရေလဲ)မှ အထက်တန်းပြဆရာမ ဒေါ်စန်းစန်းအေး (၄၇)နှစ်သည် ၎င်း၏ နေအိမ်၌ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမားနှစ်ဦး (စိစစ်ဆဲ) ရောက်ရှိလာပြီး ၎င်းအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရန် ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် အဆိုပါ PDF အမည်ခံအကြမ်းဖက်သမား နှစ်ဦး(စိစစ်ဆဲ)အား ဒီဇင်ဘာ ၁၁ ရက်တွင် ရွှေကူမြို့မရဲစခန်း(ပ)၁၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း၊

ထို့ပြင် ဒီဇင်ဘာ ၁၁ ရက်တွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃)ရပ်ကွက် ဗိုလ်မင်းရောင်လမ်းနှင့် ဗိုလ်အောင်ကျော်လမ်းဆုံ ကြံခင်းစွေးထောင့်၌ ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဗိနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား ဒီဇင်ဘာ ၁၁ ရက်တွင် မြဝတီမြို့မရဲစခန်း (ပ)၂၈၀/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း၊

ယင်းအပြင် ဒီဇင်ဘာ ၁၂ ရက်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဖက္ကလိပ်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးအရှေ့၌ ပြည်သူ့ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဗိနိုင်းဆိုင်းဘုတ်အား အမျိုးသားနှစ်ဦး(စိစစ်ဆဲ)မှ ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ဓားဖြင့် လိုးဖြတ်ဖျက်ဆီးခဲ့သဖြင့် အမျိုးသားနှစ်ဦး(စိစစ်ဆဲ)အား ဒီဇင်ဘာ ၁၂ ရက်တွင် ကျိုက်ထိုမြို့မရဲစခန်း (ပ)၂၉၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(ခ)ဖြင့် လည်းကောင်း၊

ထို့အတူ ဒီဇင်ဘာ ၁၃ ရက်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဖက္ကလိပ်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးအရှေ့၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဗိနိုင်းဆိုင်းဘုတ်အား အမျိုးသားနှစ်ဦး (စိစစ်ဆဲ)က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး တွန်းလဲဖျက်ဆီးခဲ့သဖြင့် အမျိုးသားနှစ်ဦး (စိစစ်ဆဲ)အား ဒီဇင်ဘာ ၁၄ ရက်တွင် ကျိုက်ထိုမြို့မရဲစခန်း (ပ)၂၉၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(ခ)ဖြင့် လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ထိရောက်စွာဖမ်းဆီးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁၅

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေဖိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ရွေးကောက်ပွဲ မကျင်းပနိုင်ရေး နှောင့်ယှက်ဖျက်ဆီးရံ့မက အကြမ်းဖက်ဝါဒစွဲကိုင်ပြီး ဒေလန်ခေါင်းစဉ်တပ် ဖျက်ဆီးသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် **"ပြည်သူတွေကို မက်လုံးများစွာနဲ့ မြူဆွယ်လာသော ဘဝဖျက်စေမည့် လူလိမ်ဂိုဏ်းအား စုပေါင်းကာကွယ်ဖို့လိုအပ်လာ"** ခေါင်းစဉ်ဖြင့် ဆက်လက် ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၆၉၀၉၉၅၅၀ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

နေပြည်တော် ဒီဇင်ဘာ ၁၅

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/၅လ**

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရ

(၁၅-၁၂-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၇-၁၂-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၄-၁၂-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှုန်း စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နှာဘာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီ ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

ပဲခူးမြို့၊ ဆုတောင်းပြည့်ဆံတော်ရှင်ရွှေမော်ဘုရား
သတ္တမအကြိမ် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန်
လုပ်ငန်းတင်ဒါ/လေလံခေါ်ဝေ

၁။ ပဲခူးမြို့၊ ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဘုရားတော်မြတ်ကြီး၏ ၂၀၂၅/၂၀၂၆ ခုနှစ် သတ္တမအကြိမ်မြောက် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပွဲနှင့် ဘဏ္ဍာတော်ထိန်းကါဝကစ၏ တင်ဒါ/လေလံစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်သွားမည့် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ငန်းရင်းများ တင်ဒါ/လေလံတင်သွင်းနိုင်ပါကြောင်း အောက်ပါအတိုင်း ကြော်ငြာခဲ့ပါသည်-

လုပ်ငန်းအမည်	လျှောက်လွှာစတင်ရမည့်နေ့	လျှောက်လွှာနောက်ဆုံးတင်ရမည့်နေ့
(က) ရွှေမိုက်ထုတ်(လေလံ)	၂-၁၂-၂၀၂၅	၁၃-၁၂-၂၀၂၅
(ခ) ရွှေဆေး (တင်ဒါ)	၂-၁၂-၂၀၂၅	၁၃-၁၂-၂၀၂၅
(ဂ) ရွှေပြားခတ်/ကပ် (တင်ဒါ)	၂-၁၂-၂၀၂၅	၁၃-၁၂-၂၀၂၅

၂။ သို့ရာတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသူများ(လျှောက်လွှာပိတ်ရက် မမှီလိုက်သူများ) ထပ်မံလျှောက်ထားနိုင်ရန်အတွက် အထက်ပါလုပ်ငန်းသုံးရပ်အတွက် လျှောက်လွှာတင်သွင်းရမည့်ရက်ကို ၂၀-၁၂-၂၀၂၅ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပြီး ရွှေဆေး(တင်ဒါ)နှင့် ရွှေပြားခတ်/ကပ် (တင်ဒါ) များအား (၂၂-၁၂-၂၀၂၅) ရက်နေ့ နံနက် (၀၉:၃၀) နာရီအချိန်တွင် ဖွင့်ဖောက် ကြေညာသွားမည်ဖြစ်ပါသည်။

(က) ရွှေမိုက်ထုတ်(လေလံ)ဆွဲရမည့်ရက်အား ထပ်မံကြေညာပေးပါမည်။
(ခ) တင်ဒါလျှောက်လွှာများအား ပြည့်စုံစွာဖြည့်စွက်၍ အိတ်ပိတ်တင်ပြရမည်ဖြစ်ပါသည်။
(ဂ) ရွှေပြားကပ်မည့်ဧရိယာနှင့် ရွှေမိုက်ထုတ်မည့်ဧရိယာအား လျှောက်လွှာစည်းကမ်းတွင် အသေးစိတ်ပါရှိပါသည်။
(ဃ) လျှောက်လွှာတွင် အချက်အလက်များ ပြည့်စုံစွာဖြည့်သွင်းဆောင်ရွက်ထားခြင်းမရှိသည့် လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။
(င) အခြားသိလိုသောအချက်များအား ရုံးအဖွဲ့ဝှူး ဦးသန်းထွေး ၀၉-၇၉၂ ၃၃၀၂၆၆ နှင့် သတင်းနှင့်ပြန်ကြားရေး ဦးရဲထွန်း ဖုန်း-၀၉-၂၀၄၅၅ ၈၀၉၉၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဘဏ္ဍာတော်ထိန်းကါဝကအဖွဲ့
ဆုတောင်းပြည့်ဆံတော်ရှင်ရွှေမော်ဘုရားတော်

အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ တလုပ်ကုန်းကျေးရွာနေ (ဘ) ဦးတင်အေး ဂ/တငန(နိုင်)၀၅၉၈၅၃ ၏သားသမီးများဖြစ်ကြသော ဒေါ်နီနီအေး၊ ဦးတင်ဦး၊ ဦးတင်ထူး၊ ဦးမိုးနိုင်၊ ဦးမျိုးမင်းထိုက်၊ ဦးဟိန်းမင်းထိုက်တို့၏ လွဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်မှာ -

ဦးတင်အေးအမည်ဖြင့် သော်လည်းကောင်း၊ ကျန်မိသားစုဝင်များ၏ အမည်ဖြင့် သော်လည်းကောင်း ဝယ်ယူထားရှိသည့် အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်အမွေဆက်ခံခွင့်ရှိသူ ကျန်မိသားစုဝင်များ၏ ခွင့်ပြုချက်မရှိဘဲ တရားဝင်ရောင်းချခြင်း၊ လုပ်ခါးခြင်းများ မပြုပါရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့် အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွဲအပ်ညွှန်ကြားချက်အရ-
ဦးထင်ကျော်စိုး(LL.B)
အထက်တန်းရှေ့နေ - စဉ်(၃၀၁၁၃)
၁၄/၄၆၃(၁)လမ်း၊ တောင်ငူမြို့

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/6008 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညနှ၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8C/1342 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညနှ၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 39W/96556, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးစည်သိုက်ကျော် ၁၄/ကဇန(နိုင်) ၁၁၆၃၃၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္ထူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညနှ၊ ခရိုင်ရုံး
(ဟသံတ)

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 35W/82455, Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဝင်း ၁၄/မမန(နိုင်) ၁၄၈၆၆၁၁ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အပောင်းသည် အလို အလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညနှ၊တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန နေပြည်တော်

နည်းပြ/သရုပ်ပြ ရာထူးလျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီကရီကောလိပ်များတွင် နည်းပြ/သရုပ်ပြရာထူး(လစာနှုန်းကျပ်-၂၁၆၀၀၀-၂၀၀၀-၂၆၀၀၀)နေရာများ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားလိုသူများသည် နီးစပ်ရာပညာရေးဒီကရီကောလိပ်များတွင် လျှောက်လွှာများကို အခမဲ့ရယူ၍ **၉-၁၀-၂၀၂၆ ရက်(သောကြာနေ့)**နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါသည်-

၂။ လျှောက်ထားသူသည် -
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ပညာရေးဘာသာရပ်များ (ပညာရေးသဘောတရား၊ ပညာရေးစိတ်ပညာ)အတွက် ပညာရေးပါရဂူဘွဲ့ (သို့မဟုတ်) မဟာပညာရေးဘွဲ့ (သို့မဟုတ်) ပညာရေးဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
(ဂ) သင်ပြနည်းဘာသာရပ်များ(မြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ္ခါ၊ သိပ္ပံ၊ ပထဝီဝင်၊ သမိုင်း) အတွက် ပညာရေးပါရဂူဘွဲ့ (သို့မဟုတ်) မဟာပညာရေးဘွဲ့ (သို့မဟုတ်) ပညာရေးဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ကွန်ပျူတာဘာသာရပ်အတွက် ကွန်ပျူတာဘာသာရပ်ဆိုင်ရာ မဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဃ) စာပေဘာသာရပ်များ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ္ခါ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ဂုဏ္ဍဗေဒ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) အတွက် ပါရဂူဘွဲ့ (သို့မဟုတ်) မဟာသုတေသနဘွဲ့ (သို့မဟုတ်) မဟာဝိဇ္ဇာ/မဟာသိပ္ပံဘွဲ့ ရရှိပြီးသူဖြစ်ရမည်။
(င) ပညာရေးဖွံ့ဖြိုးမှုဘာသာရပ်များ(စက်မှု၊ အိမ်ထောင်မှု၊ ပန်းချီ၊ ဂီတ၊ ကာယ၊ စိုက်ပျိုးရေး) အတွက် သက်ဆိုင်ရာဖွံ့ဖြိုးရေးဘာသာရပ်ဘွဲ့ (သို့မဟုတ်)ပညာရေးဘွဲ့ ရရှိပြီးသူဖြစ်ရမည်။
(စ) **၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင်** သတ်မှတ်ထားသော ဘာသာရပ်များဌဲ့ ပါရဂူဘွဲ့ ရရှိပြီးသူများဖြစ်ပါက အသက်(၃၈) နှစ်ထက် မကျော်လွန်သူ၊ မဟာသုတေသနဘွဲ့၊ မဟာပညာရေးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ပညာရေးဘွဲ့ ရရှိပြီးသူများဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူ၊ သက်ဆိုင်ရာဖွံ့ဖြိုးရေးဘာသာရပ်ဘွဲ့ ရရှိပြီးသူများဖြစ်ပါက အသက် (၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဆ) အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏ နှုတ်ထွက်ခွင့်ပြုကြောင်း အဖိန့်စာမတ္တူ၊ ပြဿနာမရှိဖြစ်ပြီး၊ အစိုးရဌာနတစ်ခုခု၏ ဌာနဆိုင်ရာအရေးယူအဖြစ်ပေးခြင်း ခံထားရဖူးသူများ လျှောက်ထားခွင့်မရှိပါ။
(ဇ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဈ) ပညာရေးဒီကရီကောလိပ်များတွင် ခန့်အပ်ခြင်းခံရပါက **အနည်းဆုံး (၃)နှစ်** တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ ပညာရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများမှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများသည် မိမိတာဝန်ထမ်းဆောင်နေသည့် ဦးစီးဌာန၏ ခွင့်ပြုချက်ရယူပြီး နီးစပ်ရာပညာရေးဒီကရီကောလိပ်များသို့ တိုက်ရိုက် လျှောက်ထားု၍ စာမေးပွဲဝင်ရောက် ဖြေဆိုနိုင်သည်။

၄။ အခြားဝန်ကြီးဌာနများမှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသော နိုင်ငံ့ဝန်ထမ်းများသည် မိမိတာဝန်ထမ်းဆောင်နေသည့် ဦးစီးဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး နီးစပ်ရာပညာရေးဒီကရီကောလိပ်များသို့ တိုက်ရိုက်လျှောက်ထား၍ စာမေးပွဲဝင်ရောက် ဖြေဆိုနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-
(က) ၆ လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ။
(ခ) ပညာအရည်အချင်းအထောက်အထားအတွက် ဘွဲ့လက်မှတ်မိတ္တူ (သို့မဟုတ်)ယာယီဘွဲ့ ထောက်ခံစာမိတ္တူ(မူရင်းပြသနိုင်ရမည်)၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မိတ္တူ။
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(ဃ) (၁)လအတွင်းရယူထားသည့် ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက် မူရင်း။
(င) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် (၁)လအတွင်းရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက် မူရင်း။
(စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းမကုန်သေးသော အလုပ်သမားမှတ်ပုံတင်မူရင်း။

၆။ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲကို လျှောက်လွှာတင်သွင်းခဲ့သည့် ပညာရေးဒီကရီကောလိပ်များတွင် အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့် ကတ်ပြားများကို ၁၅-၁၀-၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြသပြီး ရုံးချိန်အတွင်း လူကိုယ်တိုင် သွားရောက်ထုတ်ယူရမည်။ ပါရဂူဘွဲ့ရရှိပြီးသူများသည် လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းကိုသာ ဖြေဆိုရမည်ဖြစ်ပါသည်-

(က) မြန်မာစာ	- ၁၇-၁၀-၂၀၂၆ (စနေနေ့)	(၀၉:၀၀)နာရီမှ (၁၀:၀၀)နာရီအထိ
(ခ) အင်္ဂလိပ်စာ	- ၁၇-၁၀-၂၀၂၆ (စနေနေ့)	(၁၁:၀၀)နာရီမှ (၁၁:၃၀)နာရီအထိ
(ဂ) အထွေထွေဗဟုသုတ	- ၁၇-၁၀-၂၀၂၆ (စနေနေ့)	(၁၁:၃၀)နာရီမှ (၁၂:၀၀)နာရီအထိ

၇။ လူတွေ့နှုတ်ဖြေ စစ်ဆေးခြင်းကို ၁၈-၁၀-၂၀၂၆ ရက်နေ့တွင် သက်ဆိုင်ရာ ပညာရေးဒီကရီကောလိပ်များ၌ ကျင်းပမည်ဖြစ်ပါသည်။

ဆရာအတတ်ပညာဦးစီးဌာန

ပတ်စ်ပို့ပျောက်

တောင်တွင်းကြီးမြို့၊ ရွှေဆိုး(၂) ရပ်ကွက်နေ ဦးထွန်းသစ်အောင် (ခ) ဦးသစ်အောင် ၏ သမီး မွန်နန်းလွဲယမုဒ်/တတက(နိုင်)၂၇၉၆၄၄ က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးခဲ့ကြောင်း လက်မှတ် MJ 198918 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-09444360852

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့နယ်၊ မကျီးကုန်းကျေးရွာအုပ်စု၊ မကျီးကုန်း (တ) ရွာနေ (ဘ)ဦးအောင်ရှိန် ၏သမီး ဒေါ်သင်းသင်းခိုင် ၉/ရမသ(နိုင်) ၀၀၁၀၃၅၏မွေးသက္ကရာဇ်အမှန်မှာ (၁၁-၆-၁၉၇၂) ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့ နယ်၊ စီမွှိလိုင်းရပ်နေ (ဘ) ဦးရွှေအောင် ၏သမီး ဒေါ်စင်မာခိုင် ၉/ရမသ(နိုင်) ၂၀၄၂၁၀ ၏ မွေးသက္ကရာဇ်အမှန်မှာ (၂၃-၆-၂၀၀၂) ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ရမည်းသင်းမြို့နယ်၊ မကျီးကုန်း အုပ်စု၊ ကြာကန်ကျေးရွာနေ (ဘ) ဦးတင်မြင့် ၏သမီး အလဂ မကျီးကုန်းမှ (လက်ထောက်မှူးပြု) မန္တ, ဌေး (ခ) မန္တယ်ဌေး ၉/ရမသ (နိုင်)၁၅၅၉၇၅ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

မန္တ,ဌေး (ခ) မန္တယ်ဌေး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉၁)၊ တွံတေးမြစ်လမ်း၊ မြေကွက်အမှတ် (၅၀၃)၊ အကျယ်အဝန်း (၄၀၀ × ၆၀၀)ရှိ ဦးသိန်းဟန် (၁/မကတ(နိုင်) ၀၇၀၃၈၁) ပါမစ်မြေကွက်အနက်မှ မြေကွက်အမှတ် (၅၀၄)နှင့်ကပ်လျက်ရှိသည့် တရားဝင်မခွဲမစိတ်ရသေးသော (၂၀၀ × ၆၀၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးရဲလင်းထက် (၁/သကတ (နိုင်) ၁၉၃၆၇၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွဲအပ်ညွှန်ကြားချက်အရ

ဦးဇော်ထွန်းအောင်	**ဦးကျော်စိုးဦး**
LL.B, D.B.L, D.M.L,	**LL.B,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅)	အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉)

၀၉ ၇၇၇ ၇၁၁ ၃၀၈ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊ ကင်းဝန်းလမ်း၊ မြေကွက်အမှတ် (၈/၁၀)၊ အကျယ်အဝန်း (၄၀၀ × ၆၀၀)ရှိ ဦးရဲမြင့် (၁/မကန (နိုင်) ၁၀၃၄၆၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးရဲမြင့် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	**ဦးပြည်ဖြိုးအောင်**
LL.B, D.B.L, D.I.L.,	**LL.B,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၃)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၄၀၀၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန နေပြည်တော်

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၅ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့မှ ၂၀၂၆ ခုနှစ် မတ်လ(၃၁)ရက်နေ့အထိ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းခွင့်ပြုရန်ပံ့ပွေးဖြင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအောက်ရှိ မန္တလေး၊ ငလျင်ကြောင့်ပျက်စီးသွားသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ၊ ရုံးများ၊ ဝန်ထမ်းအိမ်ရာများ၌ အကြီးစားပြင်ဆင်ခြင်း၊ လုပ်ငန်းများဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

အိတ်ဖွင့်တင်ဒါပုံစံ - ၁၆-၁၂-၂၀၂၅ (၁၀:၀၀)နာရီ
စတင်ရောင်းချမည့်ရက်၊ အချိန်
အိတ်ဖွင့်တင်ဒါဝင်ဆည့်ရက်၊ အချိန် - ၃၀-၁၂-၂၀၂၅ (၁၆:၃၀)နာရီ
တင်သွင်းရမည့်နေရာ - ရုံးအမှတ်(၁၃)၊ ပညာရေး ဝန်ကြီးဌာန၊ အခြေခံပညာဦးစီး ဌာန(ရုံးချုပ်)၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်(၀၆၇-၃၄၀၇၆၈၇)၊ ၀၆၇-၃၄၀၇၆၉၄ နှင့် ၀၆၇-၃၄၀၇၁၁၅) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စီစစ်ရေးကော်မတီ

ဖခင်အမည်မှန်

တာချီလိတ်ဖြို့၊ အထက (ခွဲ) ရန်အောင်မြေကျောင်းမှ ဒုလယ်ပါဆရာမ ခေါ်ဇောဂီသိန်း ၁၂/အစန(နိုင်)၁၈၃၂၆၉ ၏ ဖခင်အမည်မှန်မှာ ဦးဌေးဝင်း ဖြစ်ပါကြောင်း။

ဦးဌေးဝင်း

မွေးသက္ကရာဇ်အမှန်

တာချီလိတ်ဖြို့၊ အထက (ခွဲ) ရန်အောင်မြေကျောင်းမှ အထက်တန်းပြ ဆရာမ ခေါ်ဇင်သွေးမြင့် ၁၃/တခဂ(နိုင်)၀၆၇၈၅၀ ၏ မွေးသက္ကရာဇ်အမှန်မှာ (၄-၈-၁၉၉၁) ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးသိန်းသန်းထိုက်၏သမီး ဖြစ်သူ ကျွန်းစုဖြိုနယ်၊ အထက (ပထက်)Grade-8 (A) မှ မဃယမုံမှူး ၆/ကစန(နိုင်)၀၆၈၃၂၃ အား ယနေ့မှစ၍ မဖူးရတီပွင့်ဟု ပြောင်းလဲလေခြင်းဆိုပါရန်။

မဖူးရတီပွင့်

ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံး၃၀ဒေသမိန့်- ၅) ၊ နည်း၃၀ဒေ -၂၀) ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၆၇

ဦးဇော်ရဲမင်း နှင့် ၁။ ဦးစိုးမြင့်
၂။ ဒေါ်မြဲလေးညွှန့်
(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇) ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ် (၈၇၆) ခေ ဦးစိုးမြင့်နှင့် ဒေါ်မြလေးညွှန့်(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု" လျောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်) မွန်းတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလိုု၏ အဆိုလွှာကို ထုချေရှုင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အဖို့ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုဆိုင်ရာ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်တွင် ဤရုံးဟံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(၀၉၀၀၆၀၀၈၁)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံး၃၀ဒေသမိန့်- ၅) ၊ နည်း၃၀ဒေ -၂၀) ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၆၈

၁။ ဦးစန်းမောင် နှင့် ဦးအောင်မြင့်
၂။ ဒေါ်မြမြဖြူဝင်း
(တရားလိုများ) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆) ရပ်ကွက်၊ ဒီပါအေးဂြလမ်း၊ အမှတ်(၈၆၂) နေ ဦးအောင်မြင့်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက "ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု" လျောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်) မွန်းတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှုင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်ပေလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အဖို့ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုဆိုင်ရာ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်တွင် ဤရုံးဟံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(၀၉၀၀၆၀၀၈၁)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် SHN/29543 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညနခရိုင်ရုံး(တာချီလိတ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/5535, Toyota Hilux Vigo Kun 35 ယာဉ်လက်ဝယ်ရှိသူ ခေါ်နန်းရဲနိုင်ငံ၊ ၁၃/ကတန (နိုင်)၀၉၀၁၈၅၅ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး (တာချီလိတ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇စယ/၇၄၀၇ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ဝင်း ၁၀/ဓလစ(နိုင်)၁၃၀၆၃၁ ကဲ့ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)

Hpauchyan Ja awng နှင့် အများသိစေရန် ကြေညာခြင်း

အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အိုးတော်ရပ်နေ ခေါ်ဝသညိုလှိုင်ဝင်း ၉/အမရ(နိုင်)၁၁၉၂၆၆ ၏ လွဲအပ်ညွှန်ကြား ချက်အရ-

ကျွန်ုပ်အမှုသည် ခေါ်ဝသညိုလှိုင်ဝင်းမှ ကချင်ပြည်နယ်၊ လိုင်ဇောမြို့၊ ရပ်ကွက်-၂၊ အိမ်အမှတ် (၁၂၈)၊ အာစီ ဘုရားကျောင်းဘေးနေ Hpauchyan Ja awng ထံသို့ KBZ pay မှတွေများ မှားယွင်းစွာလွှဲမိပါသဖြင့် ကျွန်ုပ်အမှုသည် ခေါ်ဝသညိုလှိုင်ဝင်းမှာ လူကြီးမင်းထံ မှားယွင်းစွာလွှဲမိသော ငွေများတောင်းခံခဲ့ရာ လူကြီးမင်းမှ Ja Aung Lahtaw Facebook Account ဖြင့် လူမှုကွန်ရက် ပေါ်မှတစ်ဆင့် ကျွန်ုပ်အမှုသည် ခေါ်ဝသညိုလှိုင်ဝင်းထံ KBZ pay center မှ ပြန်လွှဲထားသည်ဟု ပြောဆိုထားသော်လည်း ယနေ့အချိန်အထိ ကျွန်ုပ်အမှုသည် ခေါ်ဝသညိုလှိုင်ဝင်း၏ KBZ pay account ထဲတွင် မရောက်သေးကြောင်းနှင့် Hpauchyan Ja awng ကိုငေဆောင်သော ဖုန်းနံပါတ် ၀၉-၆၈၃၇၅၅၅၈ အား အကြိမ်ပေါင်းများစွာ ဆက်သွယ်ခဲ့သော်လည်း ဖုန်းမကိုင်တဲ့ တိမ်းရောင်နေပါသဖြင့် ကျွန်ုပ်အမှုသည်မှ မှားယွင်းစွာလွှဲမိခဲ့သော ငွေများပြန်လွှဲပေးပါရန်နှင့် ပြန်လွှဲပေးခြင်းမရှိပါက တရားဥပဒေအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Hpauchyan Ja awng နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ခေါ်ဝသညိုလှိုင်ဝင်း
၉/အမရ(နိုင်)၁၁၉၂၆၆
အိုးတော်ရပ်၊ အိုးတော်ရပ်ကွက်၊
အမရပူရမြို့

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ဇော်(LL.B)
အထက်တန်းရေ့နေ(စဉ်-၃၇၇၁၃)
ယတ္တမန်းရပ်၊ မှန်တန်းရပ်ကွက်၊
အမရပူရမြို့၊ ဖုန်း-၀၉- ၆၉၁၀၇၈၈၅၉

ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးဝေထွန်း၏ဇနီးဖြစ်သူ ခေါ်အေးအေးထွေး ၁၂/မဘန(နိုင်)၀၈၁၆၄ သည် ကျွန်တော် မသိရှိဘဲ ခွင့်မလွှတ်နိုင်သည့် ကိစ္စများကို ပြုလုပ်၍ ၎င်းဏာဘေဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ၎င်းဇနီး ပြုလုပ်မှုများကြောင့် ကျွန်တော် ဦးဝေထွန်းသည် များစွာ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်ရပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော် ဦးဝေထွန်းမှ ခေါ်အေးအေးထွေးအား ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့် ပတ်သက်သည့် ငွေကြေးကိစ္စများနှင့် အခြားသော ကိစ္စရပ်များသည် ကျွန်တော် ဦးဝေထွန်းနှင့် လုံးဝ သက်ဆိုင်ခြင်းမရှိကြောင်း တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝေထွန်း
၁၂/အစန(နိုင်)၁၄၄၇၅၇

သမီးအဖြစ်မှစွန့်လွှတ်လိုက်ဖြဲဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဖြိတ်ဖြို့၊ နောက်လယ်ရပ်၊ (၅)လမ်း၊ အိမ်နံပါတ်(၂၄၃)နေ ဦးခင်မောင်လတ်နှင့် ခေါ်ခင်မိမိတို့၏ သမီးဖြစ်သူ မိုမို (ခ) မဖြိုးခိုလတ် ၆/မမန(နိုင်)၁၄၅၉၄၁ သည် မိဘဆွေမျိုးညီအစ်ကို မောင်နှမများ သဘောမတူနိုင်သည့် ကိစ္စရပ်များဖြည့်လုပ်၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားခဲ့သည်မှာ ၂၀၂၀ ပြည့်နှစ်မှစ၍ ယနေ့အချိန်ထိပင်ဖြစ်ပါသည်။ မိဘများအနေဖြင့် သမီးဖြစ်သူ မိုမို (ခ)မဖြိုးခိုလတ်အားနေအိမ်မှ မဆင်းခင်ငင်းရသင်ရာထိုကိုက်သည့် အမေများခွဲဝေပေးခြင်းဖြစ်ပါသည်။ မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိ နေအိမ်မှ ဆင်းသွားခြိုးခိုမှစ၍ယနေ့အချိန်ထိ မိဘများမျက်ရည်ပေါက်ကြီးငယ်ကျအောင် ပြလုပ်ပြောဆိုခြင်း၊ မိဘဆွေမျိုးညီအစ်ကို မောင်နှမများအပေါ်တွင်လည်း ဂုဏ်သိက္ခာထိုးနှက်၊ ကျဆင်းစေမည့်ကိစ္စများ ပြုလုပ်ခြင်း၊ ငွေကြေးအရှုပ်အရှင်း ကိစ္စများပြုလုပ်ခြင်း စသည်တို့ကြောင့် မိဘဆွေမျိုး ညီအစ်ကို မောင်နှမများအား ကြိမ်ဖန်များစွာ စိတ်ဆင်းရဲအတိုက်အခိုက် အဝေးမှ နည်းလမ်းအမျိုးမျိုးဖြင့် ပြုလုပ်ဆောင်ရွက်နေသည့် သမီးဆိုး မိုမို (ခ) မဖြိုးခိုလတ်အား ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင်တွင်လည်း ၎င်းနှင့် ပတ်သက်သော မည်သို့သော ကိစ္စမျိုးကိုမဆိုလုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စံစမ်းပေးမြန်းခြင်းသည်းခံပါ။) ဦးခင်မောင်လတ်၊ ခေါ်ခင်မိမိ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ ဦးအောင်မင်းလမ်း၊ မြေကွက်အမှတ် (၆၀) မြေယာတွင် ဆောက်လုပ်ထား သည့် အနေကဘ်ဘက်တိုက် (B) (၂) ခန်းတွဲ (B) ထပ် RC အဆောက်အအုံမှ ရောင်းချသူ ခေါ်စီဗက (၁၂/ဓရက(နိုင်)၁၃၃၆၆၄) ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသည့် ဒုတိယထပ် (၃-လွှာ)(ခေါင်းရင်းခန်း)၊ အခန်းအကျယ်အဝန်း (၁၃၄၄)စ၀ ၊ အမြင့် (၉) ပေရှိ တိုက်ခန်းသည် အရှေ့အနောက်ဘက်ရှည်၍ ရောင်းချသူမှ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတ်ပြုပြောဆိုသဖြင့် အထက်ပါ တိုက်ခန်းအား အပြီးအပိုင် လက်ရောက် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်စသောကို စာရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက် အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ငြိုးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ခေါ်ရိရိသန်
LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၇)
အမှတ် (၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ (၃)လမ်း၊ (၇) ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၇

အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ စိန်ပန်းရပ်ကွက်၊ နယ်စပ်(၁) သရဖီလမ်း၊ စ/၃၃ နေ ကျွန်မ ခေါ်အေးအေးဆောင်(ဘ)ဦးအေးလွင် ၁၃/တကန(နိုင်)၂၄၆၆၁၈ က အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်မသည် လွန်ခဲ့သော ၂၀၂၀ ပြည့်နှစ် ကတည်းက သားဖြစ်သူများ၏ ဖခင်ဖြစ်သူနှင့် တရားဝင် ကွာရှင်းပြတ်စဲခဲ့ပြီး သားနှစ်ဦးအား မိမိတစ်ဦးတည်းသာ ရာဇဝတ္ထုကျွေးမွေးခဲ့ကာ ယနေ့အချိန်အထိ အသက်မွေးဝမ်းကြောင်း ပညာရပ်ဖြင့် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေထိုင်လာသူ တစ်ဦးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် ကျွန်မ၏ ဂုဏ်သိက္ခာကို တမင်ရည်ရွယ်၍သော်လည်း ကောင်း၊ သွယ်ပိုက်၍သော်လည်းကောင်း ဦးနှောင်ရေရှိ ပြောဆိုနေမှုများအား နှုတ်မှတစ်ဆင့် ဆက်သွယ်ရေး နည်းပညာအားအသုံးပြုခြင်းမှတစ်ဆင့် ဆောင်ရွက် နေခြင်းများ တွေ့ရှိရှုံ့ချသောကြောင့် ထိုသို့ ဆောင်ရွက်နေခြင်းများအား ရပ်တန့်ကာ ရပ်ရိန်နှင့် နောက်နောင် အထက်ပါအတိုင်း အလားတူကိစ္စရပ်မျိုး သိရှိလာပါက တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှင့် အရှယ်ရောက်သေးသော ကျွန်မ၏ သားနှစ်ဦးနှင့် ပတ်သက်၍ပြောဆို ဆောင်ရွက်နေမှုများအားလည်း မိခင်တစ်ဦးအနေဖြင့် သည်းခံခွင့်လွတ်မည် မဟုတ်ပါသောကြောင့် ယနေ့မှစ၍ ထိုသို့ မပြုလုပ်ရန်နှင့် ပြုလုပ်လာပါကလည်း သက်ဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခေါ်အေးအေးအောင် (LL.B,LL.M)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၃၀၇၁/၂၀၀၇)
ဖုန်း-၀၉- ၄၅၉၉၆၆၀၆၀

ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုမြို့၊ အမှတ်(၇)ရပ်ကွက်၊ ကွင်းအမှတ်(၂၉၈)၊ (မြို့မတောင်ဘက်း)၊ ဦးပိုင်အမှတ်(၃၇၇)။ ဧရိယာ (၀.၁၄၉၂) ဧကရှိ မြေကို ဦးချစ်ဖေ အမည်ဖြင့် ၂-၉-၁၉၉၆ မှ ၁-၉-၂၀၂၆အထိ နှစ်(၃၀)မြောင်းဂရန်ရရှိထားပြီး ဦးချစ်ဖေသည် ၃၀-၄-၂၀၀၃ ရက်၌ ကွယ်လွန်ခဲ့ပြီးဖြစ်၍ ၂၆-၈-၂၀၂၅ရက်နှစ်နှင့် ချောင်ချိုင်ရာ တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်စဉ်(၃၀၀/၂၀၂၅)ဖြင့် ကျမ်းကျိန်ဆိုထားရှိပြီး ခေါင်မောဆွေ ၅/ရဘန(နိုင်)၀၃၇၂၈၀ နှင့် ခေါင်မောကြည် ၅/ရဘန(နိုင်)၀၃၇၂၈၀ တို့သည် ဦးချစ်ဖေ၏ သားသမီးများဖြစ်ကြောင်း ဆွေမျိုးသားချင်းများဖြစ်ကြောင်း အမည်ပြောင်း ခြင်းအကြောင်းရင်းများ ဖြစ်ကြောင်း ရွှေဘိုမြို့နယ် အရွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေဌားရန်နှင့် ထုတ်ပေးခြင်း လုပ်ငန်း ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွှေဘိုမြို့

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3P/8989 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညနခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အိုင်း (၉)၊ ၁၁၂ (F) လမ်း၊ ၅၀x၈၁ လမ်းကြား၊ အိမ်အမှတ် (၇၅) တွင် နေထိုင်သူ ဦးအောင်မင်းခန့်(ဘ)ဦးအုန်းကျော် ၌/ကပတ(နိုင်)၃၀၇၄၆၇ ၏ လွဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးအောင်မင်းခန့်နှင့် (ဘ)ဦးကြည်ဝိုးတို့၏ သမီးဖြစ်သူ ခေါ်ခင်သီတာဝင်း(ခ) ပန်ဝန်စံ (၉/အဖန(နိုင်)၀၃၇၈၉၉ တို့သည် ၂၈- ၅-၂၀၂၅ ရက်တွင် လက်ထပ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သား၊ သမီးတွန်းကားခဲ့ခြင်းမရှိပါ။ ထိုသို့ ပေါင်းသင်း နေထိုင်ခဲ့ကြရာ ခေါ်ခင်သီတာဝင်း(ခ)ပန်ဝန်စံသည် ၁၁-၁၂-၂၀၂၅ ရက်တွင် အသိပေးခြင်းမရှိဘဲ နေအိမ်မှ ဆင်းသွားခဲ့ကြောင်းသိရှိရပြီး ယနေ့အချိန်အထိ ဦးအောင်မင်းခန့်နှင့် ခေါ်ခင်သီတာဝင်း(ခ)ပန်ဝန်စံတို့သည် ဝိုင်းဝန်းပတ်သက်ဆက်နွယ်ခြင်း၊ ပြောဆိုဆက်ဆံခြင်းတို့ လုံးဝမရှိတော့ကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ ဦးအောင်မင်းခန့်အနေဖြင့် ဤကြေညာသည့်ရက်မှစ၍ ခေါ်ခင်သီတာဝင်း(ခ)ပန်ဝန်စံနှင့် လူမှုရေး၊ စီးပွားရေးတို့တွင် အကြောင်းတစ်စုံ တစ်ရာ ပြောဆိုပတ်သက်ဆက်နွယ်ခြင်း အလျဉ်းမရှိတော့ဘဲ ခေါ်ခင်သီတာဝင်း (ခ) ပန်ဝန်နှင့် ပတ်သက်၍ မည်သည့်ကိစ္စရပ်မျှ လိုက်လံဖြေရှင်းဆောင်ရွက် ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်သီဟ(LL.B,D.I.L) ဦးထက်မောင်မောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၅၀) အထက်တန်းရှေ့နေ (စဉ်-၅၅၈၅၆)
လမ်း(၆၀)၊ ၂၂ (B) လမ်း၊ (၅၈-ခ)လမ်း၊ ၂၀ x၂၁ လမ်းကြား၊
နေရပ်လမ်းသွယ်၊ အမှိုက်တောရပ်၊ ဒေါင်းဖြေဘုရားလမ်း၊
မဟာဗေယျာဘုံရပ်ကွက်၊ မန္တလေးမြို့၊
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉- ၂၅၆၁၈၃၃၀၃
ဖုန်း-၀၉- ၂၅၇၈၀၅၁၃၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/49384, HONDA Click-125, M/C ယာဉ်လက်ဝယ်ရှိသူ ခေါ်ကြွယ်ကြွယ်ရီ ၅/မတဝ (နိုင်)၀၆၉၀၆၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/7185, SUZUKI SWIFT-ZC 63S, Hatch Back (4x2) M/C ယာဉ်လက်ဝယ်ရှိသူ ခေါ်ကျိန်ကွေကျိ ၁၃/ကန(နိုင်)၀၇၂၉၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)

သာယာဝတီခရိုင်တရားရုံးတော်

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂

မန်နေဂျာအလေးစားနှင့်အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ပြည်သာဏ်ခွဲ (၎င်း၏ကိုယ်စားဘဏ်ခွဲဘာဝန်ခံ ဦးစိုးသိပ်လွင်)

